မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၂)

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့
ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား

နိုင်ငံရေးအနှစ်သာရ ပြည့်ပြည့်ဝဝ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာစေရေး ကျင်းပနေခြင်းဖြစ်

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဆွေးနွေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဆွေးနွေး မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၀ ရက်)

မိခင်နှင့်ကလေးကျန်းမာရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အမျိုးသမီးတစ်ရပ်လုံးသည် နိုင်ငံတော်အတွက် အရေးပါသောအင်အားစုကြီးဖြစ်၍ အမျိုးသမီးများ ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေနှုန်းကျဆင်းရေးကို အထူးဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ကမ္ဘာပေါ်တွင် မိခင်ငါးသိန်းခန့်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့်ကလေးမီးဖွားရာမှ ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများကြောင့် သေဆုံးနေကြရသည်။ မိနစ်တိုင်းတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းကြောင့် မိခင်သေဆုံးခြင်း တစ်ဦးနှုန်းရှိနေပြီး ကလေးမီးဖွားခြင်းဖြင့် သေဆုံးရသော ၉၉ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်သည်။

မိခင်နှင့်ကလေး သေနှုန်းမြင့်မားခြင်းဖြစ်ပေါ်စေသော အကြောင်းအချက် ပြဿနာများအားလုံးသည် ကာကွယ်၍ရနိုင်သော အကြောင်းအရာများဖြစ်ပြီး ယင်းတို့ကိုကြိုတင်ကာကွယ်နိုင်ပြီး မိခင်နှင့်ကလေး သေဆုံးမှုနှုန်းကို ကျဆင်းစေမည်ဖြစ်သည်။

အဓိကမှာ မိခင်၏ကျန်းမာရေးကို အပြည့်အဝလုပ်ဆောင်ပေးခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်သေနှုန်းနှင့် မွေးကင်းစသေနှုန်းတို့ ကျဆင်းစေမည်ဖြစ်သည်။ မိခင်တို့၏ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကအားဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာမီးဖွားခြင်း၊ သားဆက်ခြားခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ကူးစက်တတ်သောရောဂါများအကြောင်းကို ပညာပေးခြင်းတို့ ပါဝင်သည်။

မိခင်ကလေးကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပညာပေးခြင်း၊ ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ ပိုးမွှားသန့်စင်သောနည်းဖြင့် စနစ်တကျမွေးဖွားပေးခြင်း၊ မွေးပြီးမိခင် စောင့်ရှောက်မှုပေးခြင်း၊ မွေးကင်းစကလေး စောင့်ရှောက်မှုပေးခြင်း၊ ငါးနှစ်အောက်ကလေး စောင့်ရှောက်မှုပေးခြင်း၊ မိခင်နှင့်ကလေး အာဟာရဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်များသည် လေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းများ၏ စနစ်တကျစောင့်ရှောက်မှုကို ခံယူရရှိနေကြပြီဖြစ်ရာ မိခင်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်နိုင်ရန် ပြည်သူများအပိုင်းက ကျန်းမာရေးအသိရှိရှိ လက်တွဲပါဝင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၀-၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ မေတ္တာပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မေးမြန်းစူးစမ်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၃၀ ၉။ ကျန်းမာသုတ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Mail Box
- ၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၅)
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း**(အပိုင်း-၁၀)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အိုင်စီတီသုတ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **စုံထောက်ကြီးငတုံးနှင့်ငချွန်** ပေါ်လေး၊အရိုင်း၊ဖိုးကျော်၊ဗေဒါ၊ ဆင်မ၊စိုပြေ၊စုစု၊ဝွမ်းပုံလေး၊ [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၃)

အမ်းမြို့ ပညာရေးစုံညီပွဲတော် ဒုတိယတိုင်းမှူး ကြည့်ရှုအားပေး

အမ်း ဇန်နဝါရီ ၁၉

ရခိုင်ပြည်နယ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့်အဖွဲ့ဝင်များ၊ အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဌေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးတင်သိန်းနှင့် ဖိတ်ကြားထားသူများသည် ဇန်နဝါရီ ၁၄ရက်က အထက(၂)တွင် ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါအဖွဲ့သည် ဇန်နဝါရီ ၁၂ရက်က အထက(၁)သဇင်ခန်းမ၌ကျင်းပသော ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်သိန်းတို့က ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားသည်။ အခမ်းအနားတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များလည်းပါဝင်သည်။

(မြို့နယ် ပြန်/ဆက်)

သပိတ်ကျင်းမြို့ ဆိပ်ကမ်းသာပန်းခြံ ရပ်ကြည့်စင် ပြုပြင်ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၃ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း
ပဲခူးမြို့နယ်၌ အသင်းကလှူဒါန်းသော စက်ဘီးများပေးအပ် ကိုယ်ဝန်ဆောင်မိခင်များအား အနှီးပိတ်နှင့် အိုင်အိုဒင်းဆားထောက်ပံ့

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်စန္ဒာအောင်တို့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့နယ် သားဖွားခန်း၌ အသင်းက လှူဒါန်းသော စက်ဘီးငါးစီးနှင့် အနှီးပိတ်များကို ပေးအပ်လှူဒါန်းပြီး မွေးဖွားပြီးမိခင်တစ်ဦးအား လှူဒါန်းငွေ၊ အနှီးပိတ်နှင့် အိုင်အိုဒင်းဆားတို့ကို ထောက်ပံ့ပေးအပ်ကာ အသင်းပိုင် သားဖွားခန်းများ၏ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးနေခြင်းများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင် ခုနစ်ဦးအား လှူဒါန်းငွေ၊ အနှီးပိတ်နှင့် အိုင်အိုဒင်းဆားတို့ကို ထောက်ပံ့ပေးအပ်ကာ သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် မင်္ဂလာရာမ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းအတွက် စက်ဘီးအစီး ၂၀ ကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၆၈၀နှင့် ဆရာ ဆရာမ ၂၆ ဦးတို့ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကပြဖျော်ဖြေ

စဉ့်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ရက်က အဆိုပါ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ဇန်နဝါရီ ၃၁ ရက်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

*မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော **MFRS for SMEs (Part-II)** ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲ တက်ရောက်သူသည် **CPE** နာရီ အတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။*

ဟောပြောပွဲတက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ် အခြေခံပညာမူလတန်းကျောင်း
ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၁၉

ဝါးခယ်မမြို့ ဈေးရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၁၀နာရီက ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ဝင်များ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းကြိုင်နှင့်ဦးလှဌေး၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းနှင့် ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ဆုများပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော် ဇော်၊ လက်ထောက်မြို့နယ်ပညာရေးမှူးဦးမင်းကြိုင်၊ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းတို့က အမှာစကားပြောကြားပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တိုင်းထူးချွန်ဆုရ မောင်ဟိန်းမင်းထက်နှင့် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်သည်။ **(ယာပုံ)** **(၁၃၉)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဆဒုံးမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၁၅ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပမ္မတီကျေးရွာအနီး မြစ်ကြီးနား-တနိုင်းလမ်းပေါ်ရှိ မြို့ဝင်မုခ်ဦးသစ် တည်ဆောက်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့ မြို့ကွက်သစ်ဖော်ထုတ်တိုးချဲ့မှု၊ မြို့ရှောင်ကွင်းလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ မြစ်ကြီးနားမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့တွင်းလမ်းများ ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဆဒုံးမြို့ (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆေးရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆဒုံးမြို့နယ်ခန်းမ၌ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားပြီး မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ခနောင်ပေါ်ကျေးရွာအနီးရှိ မင်္ဂလာရေထိန်းတံခါးကိုလည်းကောင်း၊ တွံတေးမြို့နယ် မြောင်းတလုပ်ကျေးရွာ၌ မိုးရာသီရေဝင်ရောက်မှုနှင့် ရေစီးရေလာအခြေအနေများကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် ရေစိုမငေးစု အခြေခံပညာအထက်တန်းကျောင်းခွဲကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ရန်ကုန်-ညောင်တုန်းလမ်း လှိုင်သာယာမြို့နယ် ငှက်သိုက်ကျေးရွာ၌ နွေစပါး ဓာတ်မြေသြဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးကြပြီး မြစိမ်းရောင်ချောင်းအား ပန်းလှိုင်မြစ်အထိ စက်ယန္တရားဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လှိုင်သာယာမြို့နယ် အတွင်းပဒါန်ကျေးရွာအနီး ရထားဘူတာရုံ တည်ဆောက်မည့်မြေနေရာသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ် (၇)ရပ်ကွက် တေးဥယျာဉ်လမ်းနှင့် အမှတ် (၈)ရပ်ကွက် အောင်သုခလမ်းတို့၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုအခြေအနေကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးသက်ထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ရက်တွင် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ရေယာဉ်ဖြင့် ထွက်ခွာကြပြီး ရေယာဉ်များ ခုတ်မောင်းသွားလာနေမှု၊ မြောက်ဦးမြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြောက်ဦးမြို့မှ စစ်တွေမြို့သို့ လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးများသည် ဇန်နဝါရီ ၁၆ရက်တွင် ကျောက်တော်မြို့ ကစ္ဆပနဒီမြစ်ကူးတံတားအနီးရှိ ကျောက်တော်ဆိပ်ကမ်းသို့ရောက်ရှိကြပြီး ရေယာဉ်များဝင်ရောက်ဆိုက်ကပ်နေမှု၊ ကုလားတန်မြစ် ရေလမ်းကြောင်း အခြေအနေများ၊ အပေါက်ဝကျေးရွာ၌ ကမ်းထိန်းနံရံ ဆောက်လုပ်ပြီးစီးနေမှု၊ စစ်တွေမြို့ ဆတ်ရိုးကျချောင်းအဝင် ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဇန်နဝါရီ ၁၇ရက်တွင် စစ်တွေမြို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်များ ဆိပ်ကမ်း၌ ကုန်တင်ကုန်ချ လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေယာဉ်များ ဝင်ထွက်သွားလာနေမှု၊ စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတား၌ ဝင်ရောက်ဆိုက်ကပ်နေသော ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များ ကုန်တင်ကုန်ချ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စစ်တွေလေဆိပ်၌ လေယာဉ်များ ဆင်းသက်နေမှု၊ ခရီးသည်များ တက်/ဆင်းနေမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားရာနေရာ၊ လေဆိပ်အဆောက်အအုံနှင့် လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်

၁၉-၁-၂၀၁၀

ဟားခါးမြို့
၃ ဒီဂရီစင်တီဂရိတ်

ပူတာအိုမြို့
၄ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့
၄ ဒီဂရီစင်တီဂရိတ်

အထက(၁) မရမ်းကုန်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

အထက(၁)မရမ်းကုန်း (သမိုင်းမြို့မကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို အထက်ပါကျောင်း စန္ဒိမာခန်းမ၌ ဖေဖော်ဝါရီ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ အသက် (၆၀)အထက် ဆရာ ဆရာမကြီးများနှင့် ကန်တော့ခံစာရင်းတွင် မပါဝင်သေးသည့် ဆရာ ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့်လှူဒါန်းလိုသူများသည် ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဦးကျင်စိုး ဖုန်း-၇၀၀၀၅၅၊ ဦးလှကြိုင် ဖုန်း-၀၉-၅၃-၄၁၆၆၇၊ ဦးအောင်မြင့်ဦး ဖုန်း-၅၂၂၃၂၈နှင့် ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၅၀-၅၆၂၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အကြိုညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ၁နာရီတွင် အမက (၂)မရမ်းကုန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ဦးဆောင်ကျင်းပမည့် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဦးဆောင်၍ ဇန်နဝါရီ ၂၃ရက်တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပမည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှု ဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Him Chhem ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Mounkeo ORABOUN နှင့်ဇနီး Mrs. Vilayvieng PHIMMASONE၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Hoang Tuan Anh နှင့် အဆိုပါနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများသည် ဇန်နဝါရီ၁၈ရက်နှင့် ၁၉ရက်တို့တွင် ရန်ကုန်မြို့သို့ အသီးသီးရောက်ရှိလာကြသည်။ (ဝဲပုံ)

တိုးမြှင့်ဆောင်ရွက်

အဆိုပါအစည်းအဝေးကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ရင်းနှီးချစ်ကြည်မှု ခိုင်မြဲစေရေး၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်ရှင်သန်စေရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်ပိုမိုနားလည်သိရှိစေပြီး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး၊ ယဉ်ကျေးမှုစရိုက်လက္ခဏာချင်းတူညီသော အဆိုပါ နိုင်ငံများအကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီဂျစ်ဗျူအင်ဂျင်နီယာများ တောင်ကိုရီးယား၌ သင်တန်းပေးမည်

ဆိုးလ် ဇန်နဝါရီ ၁၉

တောင်ကိုရီးယား အစိုးရအနေဖြင့် အီဂျစ်အစိုးရ၏ မေတ္တာရပ်ခံချက်အရ အီဂျစ်ဗျူကလီးယားစွမ်းအင်ဆိုင်ရာ အင်ဂျင်နီယာများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ဇန်နဝါရီ ၁၈ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သင်ကြားပေးမည်

တောင်ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ကေအိုအိုင်စီအေ)၏ ကူညီထောက်ပံ့ရေးအစီအစဉ်အရ ၂၀၁၀ ခုနှစ်မှစတင်ကာ သုံးနှစ်မှ ငါးနှစ်အထိ အီဂျစ်ဗျူကလီးယားစွမ်းအင်ဆိုင်ရာ အင်ဂျင်နီယာများကို တောင်ကိုရီးယားနိုင်ငံသို့ ခေါ်ယူ ပညာသင်ကြားပေးမည်ဖြစ်သည်။

(အင်တာနက်)

အနာဂတ်စွမ်းအင်ပြပွဲ

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) အဘူဒါဘီမြို့တွင် ကျင်းပလျက်ရှိသည့် အနာဂတ်စွမ်းအင်ပြပွဲအတွင်း၌ ပြသထားသော လေအားလျှပ်စစ်ထုတ်စက်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ဗျူလက်နက်လျှော့ချရေး ဆွေးနွေးသည့်အခါ ရုရှားအကျိုးစီးပွား အခိုင်အမာရပ်တည်ရန်လို

မော်စကို ဇန်နဝါရီ ၁၉

ရုရှားအနေဖြင့် ဗျူကလီးယား လက်နက်လျှော့ချရန် နောက်ထပ်သဘောတူညီချက်ရရှိရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် ဆွေးနွေးသည့်အခါ မိမိတို့ရုရှားနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားလုံခြုံမှုကို အခိုင်အမာကာကွယ်ရပ်တည် ဆွေးနွေးသင့်ကြောင်း ရုရှားလွှတ်တော်ခေါင်းဆောင်များက ဇန်နဝါရီ ၁၆ ရက်တွင် သတိပေးပြောကြားသည်။

တွေ့ဆုံစဉ်

ဗျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်ကို လက်မှတ်ရေးထိုးချုပ်ဆိုသည့်အခါ မိမိတို့ရုရှားနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အဓိကရည်မှန်းချက်အဖြစ် ထားရှိသွားရမည်ဖြစ်ကြောင်း ရုရှားလွှတ်တော်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆာဂေးမိုရိုနော့ဗ်က ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် တီဗာဒေသ ဇာဗီဒိုဗိုမြို့၌ တွေ့ဆုံစဉ် ပြောကြားသွားသည်။

မထိခိုက်သင့်

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးသည့် မဟာဗျူဟာလက်နက်လျှော့ချရေးသဘောတူစာချုပ်(စတက်-၁)ကို အစားထိုးမည့် စာချုပ်သစ်သည် နှစ်ဦးနှစ်ဖက်တူညီသည့်အခြေခံဖြင့် ချုပ်ဆိုသင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ရုရှားအနေဖြင့် အမေရိကန်နိုင်ငံနှင့် ဆွေးနွေးသည့်အခါ မိမိတို့ အမျိုးသားအကျိုးစီးပွားကို မထိခိုက်စေသင့်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ (အင်တာနက်)

တရုတ်-ဗီယက်နမ်သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့်အခမ်းအနား ပေကျင်း၌ကျင်းပ

ပေကျင်း ဇန်နဝါရီ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ပေကျင်းမြို့၌ ကျင်းပသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြကြောင်း၊ အဆင့်မြင့်အရာရှိကြီးများ မကြာခဏ လည်ပတ်ကြသည့်အပြင် ကုန်သွယ်မှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရှိကြသည့် နိုင်ငံများလည်းဖြစ်သည်။

ချစ်ကြည်ရင်းနှီး

ထို့အပြင် အပြန်အလှန် ယဉ်ကျေးမှုဖလှယ်နေကြသည့် နိုင်ငံများလည်းဖြစ်ကြောင်း နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ တရုတ်ပြည်သူ့အသင်းဥက္ကဋ္ဌ ချိန်ဟောင်စုက ပြောကြားသည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံတို့ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်ထူထောင်လိုက်ခြင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အပြန်အလှန် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း မစ္စတာချိန်က ပြောကြားသည်။

ယုံကြည်

၂၀၁၀ခုနှစ်ကို တရုတ်-ဗီယက်နမ် ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်သည့် လှုပ်ရှားမှုများပြုလုပ်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ထပ်မံတိုးတက်ကောင်းမွန်လာစေလိမ့်မည်ဟု မိမိယုံကြည်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး ငုယင်ဗန်သိုက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပါလက်စတိုင်းသို့ အီးယူအကူအညီပေးမှု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မပတ်သက်ဟုဆို

ရာမာလာ ဇန်နဝါရီ ၁၉

ဥရောပသမဂ္ဂ(အီးယူ)၏ ပါလက်စတိုင်းတို့အားပေးနေသော ငွေကြေးအကူအညီပေးမှုနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးတိုးတက်အောင်ဆောင်ရွက်မှုတို့ ဆက်စပ်နေသည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်န်အေ)အရာရှိများက ဇန်နဝါရီ ၁၆ရက်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုမရှိဘဲ ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့သို့ ငွေကြေးအကူအညီများကို ဆက်ပေးမည်မဟုတ်ကြောင်း အီးယူက အမေရိကန်အစိုးရကို အသိပေးထားသည်ဟု ဇန်နဝါရီ ၁၅ရက်တွင် အစ္စရေးမီဒီယာသတင်းများ၌ ဖော်ပြထားသည်။

ပြောကြား

ယင်းသတင်းများသည် လုံးဝ မှားယွင်းကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏လက်ထောက် နဘီအဘူရဒီနေက ပြောကြားသည်။

ပါလက်စတိုင်းတို့အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ တရားဝင် သတင်းမရရှိသေးကြောင်း၊ အီးယူအနေဖြင့် ပီအင်န်အေကို ထောက်ပံ့နေဆဲဖြစ်ကြောင်းဖြင့်လည်း ဆက်လက် ပြောကြားသည်။

ကြိုးစား

မိမိတို့ ပီအင်န်အေအစိုးရသည် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းရှိ အရေးကြီးသည့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် အကူအညီများ ထပ်မံရရှိရေး ကြိုးစားနေဆဲဖြစ်ကြောင်း ပီအင်န်အေ ဝန်ကြီးချုပ် ဆာလမ်ဖေယက်က ဂျော်ဒန်မြစ်အနောက်ဘက် ဟီဘရွန်မြို့သို့ သွားရောက်လည်ပတ်စဉ် သတင်းထောက်များအား ဇန်နဝါရီ ၁၆ရက်က ပြောကြားသည်။

(အင်တာနက်)

အိန္ဒိယဝါရင့်ခေါင်းဆောင် အသက် (၉၅)နှစ်တွင် ကွယ်လွန်

နယူးဒေလီ ဇန်နဝါရီ ၁၉

အနောက်ဘင်္ဂလားပြည်နယ် ဝန်ကြီးချုပ်အဖြစ် နှစ် ၂၀ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သော အိန္ဒိယဝါရင့်ခေါင်းဆောင်ဂျိုတီဘာဆုသည် အသက် (၉၅)နှစ်အရွယ်တွင် ကွယ်လွန်သွားသည်။

ကွယ်လွန်

အိန္ဒိယနိုင်ငံရေးသမိုင်းတွင် ဩဇာအာဏာအရှိဆုံးဝန်ကြီးအဖြစ် အချိန်အကြာဆုံး ထမ်းဆောင်ခဲ့သည့် ဂျိုတီဘာဆုသည် ကိုလ်ကတ္တားမြို့တွင် ဇန်နဝါရီ ၁၇ရက်က နာတာရှည်ရောဂါဖြင့် ကွယ်လွန်သွားခြင်းဖြစ်သည်သည်။

(အင်တာနက်)

ဟေတီနိုင်ငံ မြို့တော်ပို့အော်ပရင့်စ်၌ ပြင်းထန်သောငလျင် လှုပ်ခဲ့ပြီးနောက် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပြည်သူထောင်ပေါင်းများစွာတို့ မြို့မှ စွန့်ခွာလျက်ရှိသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကဘူးလ်၌ ဖောက်ခွဲတိုက်ခိုက်မှုများ တာလီဘန်တို့ ဆက်တိုက်ပြုလုပ်

ကဘူးလ် ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့လယ်တွင် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် တာလီဘန်စစ်သွေးကြွများ ဗုံးများဖြင့် ဆက်တိုက်ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

စေလွှတ်

တစ်ချိန်တည်းမှာပင် ကဘူးလ်မြို့ရှိ အစိုးရရုံးများ တည်ရှိရာနေရာကိုပစ်မှတ်ထား၍ ဖောက်ခွဲတိုက်ခိုက်ရန်အတွက် အသေခံဖောက်ခွဲရေးသမားများကို စေလွှတ်ထားသည်ဟု တာလီဘန်တို့က ပြောကြားသည်။

တိုက်ခိုက်

သမ္မတအိမ်တော်ရှိ လုံခြုံရေးဂိတ်၌ ဇန်နဝါရီ ၁၈ရက်တွင် အသေခံဖောက်ခွဲရေးသမားတစ်ဦးမှ ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း တာလီဘန်တို့က ပြောကြားသည်။ သို့ရာတွင် ထိခိုက်ပျက်စီးမှုကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ (အင်တာနက်)

ယီမင်နိုင်ငံမြောက်ပိုင်းဒေသများ ဆော်ဒီလေကြောင်းမှ တိုက်ခိုက်ပြန်

ဆာနား ဇန်နဝါရီ ၁၉

ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဟူသီတိုက်ခိုက်ရေးသမားစခန်းများကို ဆော်ဒီ ဂျက်တိုက်လေယာဉ်များက လေကြောင်းမှ နောက်တစ်ကျော့ တိုက်ခိုက်လာပြန်ကြောင်း ဒေသမီဒီယာများက ဇန်နဝါရီ ၁၇ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

ဆော်ဒီတပ်ဖွဲ့ဝင်များသည် ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဂျီဘဲလ်ရာဇီ၊ ရှာအက်ဖ်၊ ဘာနီမာ့ဇ်မြို့များအပြင် ဆော်ဒီအာရေဗျနှင့် ယီမင်နယ်စပ်နှင့်နီးသော ကျေးရွာများကို ၂၄ကြိမ်တိုင်တိုင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပစ်ခတ်

ဆော်ဒီအာရေဗျတပ်များက ဂျီဘဲလ်အယ်လ်ဒူခန်၊ ဂျီဘဲလ်အယ်မာဒ၊ ဒါဟာမာ၊ ဆက်ဘာ၊ အယ်လ်မာလာရှိဒ်နှင့် ရှာဒါဒေသများကို ဒုံးကျည်ဖြင့် အကြိမ် ၁၈၀ ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်းဖြင့်လည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

မြောက်ယီမင်ရှိ ဆာနားနှင့် ဟူသီ တိုက်ခိုက်ရေးသမားများသည် ၂၀၀၄ ခုနှစ်ကစ၍ ပဋိပက္ခဖြစ်ပွားခဲ့ကြသည်သည်။

(အင်တာနက်)

မီးလောင်မှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီးရှိ ဘာစီကိုဒေသတွင် မီးလောင်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။

(အဆိုပါ မီးလောင်မှုအတွင်း တစ်ဦးသေဆုံးပြီး ၄၀၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။)

(အင်တာနက်ဓာတ်ပုံ)

A(H1N1)တုပ်ကွေးရောဂါဆေး တောင်ကိုရီးယားဖော်ထုတ်

ဆိုးလ် ဇန်နဝါရီ ၁၉

တောင်ကိုရီးယားသိပ္ပံပညာရှင်များက A(H1N1) တုပ်ကွေးရောဂါပျောက်ဆေးကို ဆေးဖက်ဝင်အပင်များဖြင့် ထုတ်လုပ်လျက်ရှိကြောင်း နိုင်ငံပိုင်သုတေသနဌာနက ဇန်နဝါရီ ၁၈ရက်တွင် ကြေညာသည်။

သက်သာမှုရှိ

တောင်ကိုရီးယားအရှေ့တိုင်းဆေးဝါးဌာန (ကေအိုင်အိုအမ်)က တိုင်းရင်းဆေးပင်များမှ A(H1N1) တုပ်ကွေးရောဂါပျောက်ဆေးအဖြစ် အောင်မြင်စွာဖော်ထုတ်ယူနိုင်ပြီး ယင်းဆေးကို A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားနေသည့် ကြွက်များအား ထိုးသွင်းရာ ရောဂါရုတ်ခြည်းသက်သာမှုရှိသည်ဟု ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဂျီ-၂၀အုပ်စုတွင် ယူရိုဇုန်ကိုထည့်သွင်းသင့်

ယူရိုဇုန်ကိုနိုင်ငံ ၂၀အုပ်စု (ဂျီ-၂၀) ကမ္ဘာ့အင်အားကြီး စီးပွားရေးနိုင်ငံများအုပ်စုတွင် ထည့်သွင်းသင့်ကြောင်း၊ စီးပွားရေးမူဝါဒများကို ပိုမိုရင်းနှီးစွာ ညှိနှိုင်းသင့်ကြောင်း ယူရိုအုပ်စုဥက္ကဋ္ဌလူဇင်ဘတ်ဝန်ကြီးချုပ် ဂျိန်းကလောဒီဂျန်ကာက သတင်းထောက်များအား ပြောကြားသည်။

တောင်ကိုရီးယား၌ ခွာနာလျှာနာရောဂါဖြစ်ပွားပြန်

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၏မြောက်ဘက် ကျွဲ၊ နွားတိရစ္ဆာန် မွေးမြူရေးခြံ၌ ပဋ္ဌမအကြိမ် ခွာနာလျှာနာရောဂါကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၁၉ရက်တွင် အတည်ပြုသည်ဟု တောင်ကိုရီးယားမီဒီယာက ဖော်ပြသည်။

ဆော်ပေါလိုတွင် မိုးသက်မုန်တိုင်းကျ၍ သုံးဦးသေဆုံး

ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်တစ်ဝန်း ဇန်နဝါရီ ၁၇ရက်မှစ၍ မိုးသက်မုန်တိုင်းများ အကြီးအကျယ်ကျရောက်သဖြင့် သုံးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇန်နဝါရီ ၁၉ရက်တွင် ပြောကြားသည်။

ဟေတီငလျင် နိုင်ငံတကာမိသားစု ဝိုင်းဝန်းကူညီသင့်

မြေငလျင်ဘေးအန္တရာယ်ဆိုးကြီးကျရောက်ခဲ့သော ဟေတီနိုင်ငံကို နိုင်ငံတကာမိသားစု နိုင်ငံများအားလုံးက ကူညီပံ့ပိုးပေးရန် တာဝန်ရှိကြောင်း စပိန်ပထမဒု-ဝန်ကြီးချုပ် မာရီယာတီရီဆာဖာနန်ဒက်ဒီလာဗီဂါက ဇန်နဝါရီ ၁၉ရက်တွင် ပြောကြားသည်။

ဘရာဇီး နျူကလီးယားစွမ်းအင်စက်ရုံ ပြန်တည်ဆောက်မည်

ဘရာဇီးနိုင်ငံသည် တတိယမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၄နှစ်ကြာ ရပ်ဆိုင်းထားခဲ့ပြီးနောက် လာမည့်ဖေဖော်ဝါရီလတွင် ပြန်လည်စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘရာဇီးနျူကလီးယားစွမ်းအင်ကုမ္ပဏီ အီလက်ထရိုနျူကလီးယားက ကြေညာသည်။

ဂါဇာကမ်းမြောင်အလယ်ပိုင်း၌ မိုးကြီးပြီးမြောင်းရေလျှံ

ဟားမတ်စ်တို့ အုပ်စိုးထားသော ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်းတွင် ဇန်နဝါရီ ၁၈ရက်က မိုးကြီးသည်းထန်စွာရွာသွန်းပြီး မိလ္လာအညစ်အကြေးမြောင်းများရေလျှံသဖြင့် ယင်းဒေသနေ ပါလက်စတိုင်းမိသားစုဒါဇင်များစွာတို့ကို အန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့ပေးလိုက်ရကြောင်း မျက်မြင်သက်သေများနှင့် မီဒီယာများက သတင်းပေးသည်။

ပြင်သစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မည်

၂၀၁၀ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ပြင်ဆင်ခန့်မှန်းချက်အရ ၁ဒသမ၄ရာခိုင်နှုန်းမြင့်တက်မည်ဖြစ်ကြောင်း၊ ယခင်ခန့်မှန်းထားသည့် ဝဒသမ ၇၅ရာခိုင်နှုန်းထက် နှစ်ဆတိုးလာမည်ဖြစ်ကြောင်း ပြင်သစ်စီးပွားရေးဝန်ကြီး ခရစ္စတိန်း လာဂါဒီက ဇန်နဝါရီ ၁၈ရက်၌ ကြေညာသည်။

၂၀၀၉ခုနှစ်အတွင်း ဩစတြီးယား၌ ရာဇဝတ်မှုများပြား

၂၀၀၉ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၌ ရာဇဝတ်မှုအရေအတွက် နှစ်အလိုက်တိုးတက်မှု ၃ဒသမ ၃ရာခိုင်နှုန်းရှိကာ ရာဇဝတ်မှုစုစုပေါင်း ၅၉၁၆၀၀မှု ဖြစ်ပွားခဲ့ကြောင်း ဖက်ဒရယ်ရာဇဝတ်မှုဆိုင်ရာ ရဲတပ်ဖွဲ့ရုံးက ဇန်နဝါရီ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။ ၂၀၀၉ခုနှစ်သည် ဩစတြီးယားရဲများအတွက် အလွန်ခက်ခဲသည့် နှစ်ဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

နှင်းများထူထပ်စွာကျ၍ ယာဉ်အသွားအလာရပ်တန့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂေါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇန်နဝါရီ ၁၈ရက်နှောင်းပိုင်းမှစ၍ နှင်းများထူထပ်စွာကျနေသဖြင့် လေယာဉ်ခရီးစဉ်များ ရပ်တန့်နေရပြီး အဝေးပြေးလမ်းများ ပိတ်ထားရကာ ထိခိုက်သေကျေမှုများဖြစ်ခဲ့သည်။ ***(အောက်ပုံ)*** ***(အင်တာနက်)***

မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် ညောင်တုန်းအထက(၁)၌ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၁၉

ညောင်တုန်းမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ ဇန်နဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေတို့က အဖွင့်အမှာစကား ပြောကြားသည်။

မြို့နယ်ပညာရေးစုံညီပွဲတော်တွင် နယ်မြေ ၁၁ခုမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ယိမ်းအကများဖြင့် ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေ **(အပေါ်ပုံ)**၊ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူ၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်းနှင့်တာဝန်ရှိသူများက အောင်ချက်အကောင်းဆုံးဆုရကျောင်းများ၊ တိုင်းအဆင့်၊ ဗဟိုအဆင့်ထူးချွန်ဆုရရှိကြသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ မြို့နယ်အဆင့် စွမ်းရည်ပြိုင်ပွဲဆုရရှိသူများ၊ တံခွန်စိုက်အားကစားဆုရကျောင်းများ၊ လှပသန့်ရှင်းဆုရ ကျောင်းများ၊ တက္ကသိုလ်ဝင်အကြိုစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ မူကြိုပီပြင်အောင် ဆောင်ရွက်နိုင်သည့် ကျောင်းများ၊ ကျောင်းကို သိသာစွာတိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်သည့် ဆရာများအပါအဝင် ပညာရေးထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(၁၅၂)**

ကျေးလက်ကျန်းမာရေးဌာန သာစည်မြို့နယ်၌ဖွင့်

သာစည် ဇန်နဝါရီ ၁၉

မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် မြေစိုမုန်တောစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ရှေးဦးစွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းအဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ထို့နောက် ကျေးလက်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်က တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာခင်မောင်ထွန်းထံသို့ ဆေးခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထူးက ကျန်းမာရေးမှူးဦးမျိုးနိုင်မိုးထံသို့ ဆေးခန်းသုံးပစ္စည်းများပေးအပ်ပြီး အလှူရှင်များက စုပေါင်း၍ ဆေးပဒေသာပင် ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းကြသည်။ (၀၉၄)

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

လသာမြို့နယ်တွင် (ယခင် တရုတ်မက်သဒစ်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သခင်မြပန်းခြံ ဝက်စတင်းပတ်(ခ်) ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးထွန်းစိန် ဖုန်း-၀၉-၅၀၁၃၇၇၅၈၊ ဦးထွန်းလင်း ဖုန်း-၂၁၀၅၆၇၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၁၇၄၉၃၇၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၀၀၃၂၆၈၊ ဒေါ်ခင်ခင်ဝင်း ဖုန်း-၂၅၁၅၈၃နှင့် ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁၆၀၉၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့ရွာတစ်ခွင်သာစေချင်
မီးတွင်မပေါ့နှင့်

ရပ်စောက်မြို့နယ် ထီးခမ်းကျေးရွာ ရောင်နီဦးစာကြည့်တိုက်ပန္နက်တင်

ရပ်စောက် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ထီးခမ်းကျေးရွာ ရောင်နီဦးစာကြည့်တိုက် အဆောက်အအုံ အုတ်ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုးချို့နှင့် တာဝန်ရှိသူများက မင်္ဂလာအုတ်ပန္နက်တင်ပေးကြသည်။

ပေးအပ်

ထို့နောက် နိုင်ငံတော်မတည်ငွေများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုးချို့က ပေးအပ်ရာ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က လက်ခံယူသည်။ **(အောက်ပုံ)**

လှူဒါန်း

ဆက်လက်၍ ထီးခမ်းကျေးရွာပြည်သူများ လှူဒါန်းငွေအား ထီးခမ်းတောင်ရွာမှ ငွေကျပ် ၁၀သိန်းကို ဦးကျော်စိန်ကလည်းကောင်း၊ ထီးခမ်းမြောက်ရွာမှ ငွေကျပ် ၁၀သိန်းကို ဦးတတောကလည်းကောင်း ကျေးရွာပြည်သူများကိုယ်စား လှူဒါန်းရာ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ၄၃၇ မမ္ဘာရုံလမ်း-၁၆/၃နေ ဦးလှအားရည်စူး၍ ဒေါ်ညွန့်ခင်နှင့် မိသားစုတို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းနှင့် တစ်နေ့တာ အာဟာရအတွက် ငွေကျပ်၂၅၀၀၀ကို ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်သန်းထံ လှူဒါန်းစဉ်။ (၁၀၅)

မြေယာရှင်းအလှ

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းဘေးဝဲယာ မြေယာရှင်းအလှ ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးမီးဘေးကာကွယ်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၂ရက်က စုပေါင်းသရုပ်ပြလေ့ကျင့်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစံထွေးမောင်၊ အဖွဲ့ဝင် ဒုတိယရဲမှူးခင်မောင်ရွှေနှင့် အမှုဆောင်အရာရှိ ဦးအောင်ဆွေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုံရွာခရိုင် ပုလဲမြို့နယ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေးပြီး စာအုပ်စာစောင်များလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ကြက်ရင်းကျေးရွာအုပ်စုနှင့် အိုင်းမကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၁၅ရက်တွင် ကြက်ရင်းကျေးရွာနှင့် အိုင်းမကျေးရွာများသို့သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပုလဲမြို့ မြတ်စွယ်စုံစာကြည့်တိုက်၏ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တာဝန်ရှိသူများက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် ကျေးရွာစာကြည့်တိုက်များတွင် အများပြည်သူ ကြည့်ရှုနိုင်ရန် MRTV နှင့် MRTV-4 အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ် ရုပ်သံဖမ်းစက်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် အိုင်းမကျေးရွာ စာကြည့်တိုက်များတွင် အများပြည်သူကြည့်ရှုနိုင်ရန် MRTV နှင့် MRTV-4 အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ် ရုပ်သံဖမ်းစက်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စာအုပ် စာစောင်များ ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၈:၀၀ ၇။ **အရေးကြီးလို့ပါ**
- ၈:၁၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၂၅ ၉။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၁၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပထမနှစ် (သင်္ချာအထူးပြု)(ဒဿနိကဗေဒ)
- ၄:၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၄၀ ၅။ သီချင်းကြီးပဒေသာ
- ၄:၅၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၂၀ ၈။ မွေးကင်းစကလေးပြုစု စောင့်ရှောက်ရေး(အပိုင်း-၃)
- ၅:၄၀ ၉။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၃၅ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၁၀ ၁၄။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၀ ၁၅။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် အနာဂတ်နိုင်ငံတော်သို့ဦးတည်
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ**(အပိုင်း-၁၃)
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **လက်သီးပုန်း** မင်းမော်ကွန်း၊ မေကဗျာ (ဒါရိုက်တာ-အောင်ဇပါဝါ)

ထွန်းဖောင်ဒေးရှင်း စာပေဆု ချီးမြှင့်ပွဲ ဇန်နဝါရီ ၂၄ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၀၉)ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းအမှတ်(၂) မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြရန်နှင့် စာပေဆုကော်မတီသို့ ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်-၂၉၆၃၂၅နှင့် ၂၉၆၂၆၁တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ် ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃)တွင် Political Times အထူးအချပ်ပို အပါအဝင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍနှင့် ၂၀၁၀လွှန် မြန်မာမျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်း သတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ မျက်နှာစာနှင့် သော့ချက်၊ ဆရာကြီး သခင်တင်မြ၏ လွတ်လပ်ရေးဟူသည်၊ ဆရာဒေါက်တာနေဇင်လတ်၏ အစိုးရခြောက်မျိုး၊ ဆရာနောင်ဦး၏ လွှတ်တော်နှစ်ရပ်စနစ် စသည့်နိုင်ငံရေး အတွေးအမြင်ဆောင်းပါးများ၊ ၂၁ရာစု အချိန်အကြာဆုံး နေကြတ်မှု မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မြင်တွေ့၊ မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကအထူးပြုကုမ္ပဏီများ ကျပ်သန်း ၅၀၀ စိုက်ထုတ်သုံးစွဲ၊ အိမ်နီးချင်းခြောက်နိုင်ငံက မြန်မာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်နိုင်ရေး၊ အခွန်ကောက်ခံမှု လျှော့ချရေး၊ စခန်းများ တိုးချဲ့ဖွင့်လှစ်ရေးဆွေးနွေး၊ မြန်မာကျောင်းသားများအား ပညာတော်သင်ဆုပေးအပ်ရေး ကိုရီးယား-မြန်မာပညာတော်သင်ဆုဘုတ်အဖွဲ့ဖွဲ့စည်း၊ နိုင်ငံတကာအဆင့်မီ လေအေးပေးစက်ပါ အမြန်ရထားများ နေပြည်တော် ဗဟိုပြုပြေးဆွဲပြီ၊ ကျပ်ငါးသိန်းတန်ဖုန်း ကြိုတင်ငွေပေးဖုန်းဘီလ်ကတ်များ ရန်ကုန်တွင် စရောင်းတော့မည်၊ ပုသိမ်-ပြင်ခရိုင် အသွားသဘော်ငပုတောအနီးတွင် ဝမ်းဗိုက်ကွဲ နစ်မြုပ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လူကုန်ကူးခြင်းနှင့်အသိအမြင်၊ ဘယ်လောက်အထိ ဒီလောကထဲမှာ ရှင်သန်နေရမယ်ဆိုတာလဲ ကံတရားအတိုင်းပါပဲ ပုလဲဝင်းနှင့် လိုတိုဇျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူရေးလမ်းကြောင်းပေါ်တွင် စားသုံးကုန်ဈေးနှုန်းများ လိုက်ပါမြင့်တက်၊ အာရှရေနံဈေးကွက်တွင် ရုရှားနိုင်ငံက အိုပက်နှင့် ပြိုင်ဆိုင်မှုပြုလာ၊ စီ-၁၇ သယ်ယူပို့ဆောင်ရေး လေယာဉ်ဝယ်ယူရေး အိန္ဒိယက ကန်နှင့်ဆက်သွယ်၊ ကန်ကားဈေးကွက်တွင် တရုတ်နိုင်ငံထုတ် ကားရောင်းချမှု ယခင်နှစ်က ထိပ်ဆုံးရောက်ခဲ့၊ အယ်လ်ဗိုင်းမား ဝေဒနာရှင်များ၏ မှတ်ဉာဏ်စွမ်းအားကို မြှင့်တင်ပေးမည့် မစ်ရိုတ်ဖန်တီး၊ အင်ဒိုနီးရှားရှိ အကျဉ်းထောင်မှ အထူးအခွင့်အရေးရ အကျဉ်းခန်းများအား အထူးတာဝန်တပ်ဖွဲ့မှ စုံစမ်းစစ်ဆေး၊ တရုတ်အမျိုးသမီးကြီးတစ်ဦး စင်ကာပူတွင် သမီးရှာပုံတော်ဖွင့်၊ မိသားစုဝင်လေးဦးအား တစ်ပြိုင်တည်းသတ်သည့်အမှု မလေးတွင်ဖြစ်ပွား၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆု

ဇန်နဝါရီ ၁၆ရက်က နေပြည်တော် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသော ဒုတိယအကြိမ်မြောက် ပညာရေးစုံညီပွဲနှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်းမှ ပညာရည်ချွန်ဆုရရှိသူ မမေရှုပါအေးအား ကျောင်းအကျိုးတော်ဆောင် ဦးအောင်နိုင်ထွန်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် လှူဒါန်းပွဲအခမ်းအနား ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ငွေပဒေသာပင်၊ မီဒီယာပစ္စည်းနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကျင်းပမည့်ရက်ကို ဇန်နဝါရီ ၂၃ရက်ဟု ကြေညာထားခဲ့ရာ ဇန်နဝါရီ ၂၃ ရက်အစား ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁နာရီသို့ပြောင်းလဲပြီး ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ စေတနာရှင် အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရန်ကုန်တိုင်း ဖုန်း-၃၇၀၅၀၇နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး ပန်းဆိုးတန်းလမ်း အမှတ်(၂၂/၂၄) ဖုန်း-၃၇၁၃၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ်းမရုံ၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများနှင့် ၂၀၀၉ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်း မိတ္တူအထောက်အထားပြည့်စုံစွာဖြင့် အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးနေဝင်း (ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၀၉-၅၁-၄၇၉၀၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ သီဟသုဓမ္မမဏိဇောတရေ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးသောင်းရွှေ ဖုန်း-၀၉-၉၉-၇၃၆၈၀၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆၊ ဦးကိုကိုအောင် ဖုန်း-၆၉၀၀၈၂၊ ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄တို့သို့ အချိန်မီ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ်(၁၇) ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ်ဒေသဖွံ့ဖြိုးရေးခရီးစဉ်၊ တာယာစက်ရုံဟောင်းနှင့် စက်ရုံသစ် နိုင်ငံတော်၏တာယာလိုအပ်ချက်များ ထုတ်လုပ်ဖြည့်ဆည်းပေး၊ တာယာပစ္စည်းတစ်မျိုးကိုသာထုတ်မနေဘဲ ရော်ဘာနှင့် ဆက်စပ်ပစ္စည်းများ တီထွင်ကြံဆထုတ်လုပ်....၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ....၊ အဋ္ဌမအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် (၂၀၀၉)နှင့် ရတနာပုံဆိုက်ဘာဟောဖွင့်ပွဲအခမ်းအနားကျင်းပ၊ သတင်းစာပုံနှိပ်အရည်အသွေးပိုမိုမြင့်မားရေး အထူး ဂရုပြု စီမံပုံနှိပ်စက်များ ကြံ့ခိုင်ရေးအစဉ်ထိန်းသိမ်း၍ မပြတ်ပြုပြင်အစရှိသည့် သတင်းများ အပါအဝင်၊ မြန်မာနိုင်ငံ ဒီမိုကရေစီစစ်တမ်း(၁၇)၊ ဖွဲ့စည်းဖြစ်တည်လာမည့် နိုင်ငံရေးပါတီများ၊ နိုင်ငံတကာသတင်းများ၊ ရွှေနိုင်ငံတော်ထဲမှ ရွှေစံနမူနာများ (၁၅)၊ ဒေသဆိုင်ရာ ကုန်သွယ်မှုသတင်းများ ဖော်ပြထားသည်။

ဂျာနယ်ဝယ်ယူရရှိနိုင်သောနေရာများမှာ စာပေဗိမာန်စာအုပ်ဆိုင်၊ မဟာဗန္ဓုလလမ်း၊ ဝါမိုးအောင်စာပေနှင့် ဂျာနယ်တိုက်တည်ရှိရာ အမှတ်(၈) ပန်းခြံတာဝါ ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်းတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် စာမူများပေးပို့လိုပါက စာတည်းမှူးချုပ် အမှတ်(၈) ပန်းခြံတာဝါ ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်း ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကဏ္ဍပေါင်းစုံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရမည်
ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုများ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကြောင့်ဖြစ်
ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အကူအညီတိုးမြှင့်ရရှိရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇန်နဝါရီ ၁၆ရက်မှ ၁၇ရက်အထိကျင်းပခဲ့သည့် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Forum for East Asia- Latin America Cooperation-FEALAC)၏ (၄)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ ညပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အစည်းအဝေးသို့ FEALAC အဖွဲ့ဝင်နိုင်ငံပေါင်း ၃၄နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ Grand Prince Hotel Akasaka တွင် ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် Mr. Yukio Hatoyama က အဖွင့်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပခဲ့သည့် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ (၄)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (နိုင်ငံခြားရေး)

ပြောကြား

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေး အကျပ်အတည်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးဘဝတွင် လူမှုအသိုင်းအဝိုင်းပါဝင်ရေး အပါအဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာတို့နှင့် စပ်လျဉ်း၍ မူဝါဒ မိန့်ခွန်းများ ပြောကြားကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းက ပါဝင်ဆွေးနွေးပြောကြားရာတွင် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို တည်ထောင်ခဲ့သည့် ၁၀နှစ်တာကာလအတွင်း ဖိုရမ်၏ မူဘောင်လုပ်ငန်းစဉ်များအောက်မှ အာရှနှင့် လက်တင်အမေရိက ဒေသနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများ ထူးခြားစွာ တိုးတက်လာခဲ့ကြောင်း၊ FEALAC အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု၊ ကုန်သွယ်ရေး၊ သဘာဝခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ စီးပွားရေးနှင့်ဘဏ္ဍာရေး၊ ဆင်းရဲမွဲတေမှု၊ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများစသည့် အားလုံးနှင့်သက်ဆိုင်သော ကဏ္ဍပေါင်းစုံတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေး အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတု ပြောင်းလဲမှုများသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကြောင့် အဓိကဖြစ်ရသော်လည်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများက ယင်းဆိုးကျိုးဒဏ်ကို အများဆုံးခံစားနေကြရကြောင်း၊ ယင်းအတွက်ကြောင့် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အကူအညီများ တိုးမြှင့်ပေးသင့်ကြောင်း ပြောကြားခဲ့သည်။

ရင်ဆိုင်နေဆဲဖြစ်

ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေး အကျပ်အတည်းများမှာ ယာယီအားဖြင့် ပြန်လည် နာလန်ထူလာသည့် လက္ခဏာများ တွေ့မြင်ရသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေး၊ ဝင်ငွေတိုးတက်ရရှိရေးနှင့် လူမှုလုံခြုံရေး တိုးမြှင့်လာစေရေးတို့အတွက် တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ တိုးမြှင့်ရရှိရန် လိုအပ်နေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Katsuya Okada က အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား ဂုဏ်ပြုတည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ဝန်ကြီးသည် FEALAC နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲသို့ တက်ရောက်သည်။ အဆိုပါ သီးသန့်ဆွေးနွေးပွဲတွင် ဆွေးနွေးရန် သတ်မှတ်ထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေး အကျပ်အတည်းနှင့် စီးပွားရေးဘဝတွင် လူမှုအသိုင်းအဝိုင်း ပါဝင်ရေး ခေါင်းစဉ်များအောက်မှ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr.Katsuya Okada က အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေး

ဇန်နဝါရီ ၁၇ရက်တွင် ဝန်ကြီးသည် FEALAC အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းဆွေးနွေးပွဲသည် FEALAC အဖွဲ့နိုင်ငံများနှင့် ကမ္ဘာ့ဘဏ်၊ Inter-American Development Bank (IDB)နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ကဲ့သို့သော နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးခြင်းဖြစ်သည်။

အစည်းအဝေးမှ အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ (၄)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ တိုကျိုကြေညာချက်နှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဗဟိုဌာန ဖွင့်လှစ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ ဖွဲ့စည်းရေး ဆုံးဖြတ်ချက်တို့ကို အတည်ပြုခဲ့ပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ ထို့အပြင် ယင်းအစည်းအဝေးမှ မွန်ဂိုလီးယားနိုင်ငံအား FEALAC အဖွဲ့၏ (၃၄)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ဝန်ကြီးသည် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ (၄)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်စဉ်ကာလအတွင်း ဇန်နဝါရီ ၁၆ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့်လည်းကောင်း၊ ဇန်နဝါရီ ၁၇ရက်တွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ambassador Roberto Jaguaribe နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.Katsuya Okada နှင့်လည်းကောင်း အသီးသီးတွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၄ရက်မှ ၁၅ရက်အထိ ကျင်းပသော FEALAC အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆူနာမီ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ စံထားဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် နိုင်ငံတကာ သမုဒ္ဒရာကော်မရှင် (IOC)တို့ ပူးပေါင်းကျင်းပသည့် ဆူနာမီ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ စံထားဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ဖြာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အိန္ဒိယသမုဒ္ဒရာ ဆူနာမီ သတိပေးရေးနှင့် လျော့ပါးရေးစနစ် အတွင်းရေးမှူးရုံးမှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အကြီးအကဲ Mr. Tony Elliott က ဆူနာမီ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီဖြစ်ပေါ်ပါက သတင်းထုတ်ပြန်ရေး၊ ဖြန့်ဝေရေးနှင့် ဒေသခံပြည်သူလူထုထံ အချိန်မီရောက်ရှိစေရေး၊ ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းများအတွက် အဖွဲ့အစည်းအဆင့်ဆင့်၏ စံထားဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်တို့ကို ပို့ချဆွေးနွေးမည်ဖြစ်ပြီး ဆူနာမီဘေး၊ မုန်တိုင်းနှင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်များအတွက် လက်ရှိစံထားဆောင်ရွက်နေသည့် လုပ်ငန်းအဆင့်ဆင့်အား ကိုယ်စားလှယ်များက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ဆူနာမီ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ စံထားဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**သင်္သိဝိပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တကဋ္ဌနသာရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀	Sports World
၈:၅၅	Industrial Talk
၉:၃၀	Activities in the City (ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ရောဂါဗေဒဆရာဝန်ကြီးများ ညီလာခံ)
၉:၅၀	အားကစားမြင်ကွင်းစုံ စိုင်းဇော်ဇော်၊ ဇင်လင်းထွန်း၊ ထွန်းနေစိုး
၁၀:၅၀	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၁၁:၀၀	စားချင်စဖွယ်နည်းအသွယ်သွယ် (လာအိုစတိုင် ငါးပေါင်းနှင့် ပီလောပီနံ ဆီထမင်း)
၁၁:၂၀	သရုပ်ဆောင်သစ်မင်းထက် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား
၁၁:၃၅	ခတ်ပုံထဲမှ အမှတ်တရများ (ဖူးစုံ)
၁၂:၀၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ **လှောင်အိမ်နှင့် ငါးမွေးခြင်း**
၁၂:၁၅	သမိုင်းတွင် ထင်ရှားတောက်ပသူ တချို့၏ စတင်ရာ
၁၂:၄၀	Activities in the City (Global မြေပဲဆီ၏ ဆိုင်သစ်ဖွင့်ပွဲ)
၁:၀၀	**သင်္သိဝိပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တကဋ္ဌနသာရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (မုသားပြောတာကောင်းတယ်၊ မုသားမပြောတာကောင်းတယ်)
၃:၅၀	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၄:၁၀	Activities in the City (ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ရောဂါဗေဒဆရာဝန်ကြီးများ ညီလာခံ)
၄:၃၀	ဗီဒီယိုပြခန်း
၄:၅၀	ဂီတသံစဉ်အလှဆင် (အကယ်ဒမီ ဝင်းဦး)
၅:၀၅	Activities in the City (Global မြေပဲဆီ၏ ဆိုင်သစ်ဖွင့်ပွဲ)
၅:၂၀	စားချင်စဖွယ် နည်းအသွယ်သွယ် (လာအိုစတိုင် ငါးပေါင်းနှင့် ပီလောပီနံ ဆီထမင်း)
၅:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV -4 သတင်း
၆:၂၀	ခတ်ပုံထဲမှ အမှတ်တရများ (ဖူးစုံ)
၆:၅၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Unique Collection)
၇:၀၅	ဘားအံ၊ ကော့ကရိတ်၊ မြဝတီ လမ်းပိုင်းတည်ဆောက်မှု
၇:၂၀	Milestones of Contenporary Music Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (မုသားပြောတာကောင်းတယ်၊ မုသားမပြောတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀	ဗီဒီယိုပြခန်း
၁၀:၁၅	ဘားအံ၊ ကော့ကရိတ်၊ မြဝတီ လမ်းပိုင်းတည်ဆောက်မှု
၁၀:၃၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Unique Collection)
၁၀:၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၁၀	Industrial Talk
၁၁:၃၅	**တက္ကစီမီတာသင်လိုရာ** ဇေယျာ၊ ရိတ၊ ပန်းအိခိုင် (ဒါရိုက်တာ-ဇာဏီထက်လင်း)
၁၁:၄၅	သရုပ်ဆောင်သစ်မင်းထက် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား
၁၂:၀၀	ဘိုင်းဒါးရေလှောင်တမံ
၁၂:၁၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

*** ရှေ့ဖုံးမှ**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပြည့်ပြည့်ဝဝ

အစီအစဉ်အရ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယခင်အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊**
- **တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး** ဆိုသည့် ဦးတည်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ညီညွတ်မှုစွမ်းအား

ပြည်ထောင်စုနေ့ အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းမှာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းကို ဖော်ညွှန်းပြီး တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာနေစေရေးအတွက် ကျင်းပနေခြင်းဖြစ်ကြောင်း။

စနစ်တကျစီမံ

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ၊ အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် အောင်အောင်မြင်မြင် ခမ်းခမ်းနားနား ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်၍ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုနေ့ သဝဏ်လွှာကိစ္စ၊ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးကိစ္စ၊ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရန်ကိစ္စ၊ ပြည်ထောင်စုနေ့ ညစာစားပွဲသို့ ဖိတ်ကြားမည့်ဦးရေ သတ်မှတ်ရန်ကိစ္စ၊ အခမ်းအနား ပြင်ဆင်မွမ်းမံရေးကိစ္စ၊ ပြည်ထောင်စုနေ့ ညစာစားပွဲကျင်းပရေး အစီအစဉ်နှင့် ဧည့်ခံကျွေးမွေးရေးကိစ္စ၊ ပြည်ထောင်စုနေ့ ညစာစားပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေရေးကိစ္စ၊ ပြည်ထောင်စုနေ့ ညစာစားပွဲတွင် ကာလပေါ်တေးဂီတဖြင့် ဖျော်ဖြေရေးကိစ္စ၊ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ လေ့လာရေးခရီးစဉ် ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် (၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှော…

သုတေသနကဏ္ဍကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံ…

အသိအမြင် ဗဟုသုတနှင့် သတင်းအချက်အလက်များ…

အသစ်အသစ်ပေါ်ထွက်လာသည့် ကူးစက်ရောဂါများနှင့်…

နေပြည်တော် ဇန်နဝါရီ ၁၉

(၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင်… စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားသား ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ကြိုးစားဆောင်ရွက်

အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများ ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၈)ကြိမ် ရှိပြီဖြစ်ကြောင်း၊ သုတေသန ကဏ္ဍအစုံအလင်ကို Presentation အသွင်အမျိုးမျိုးဖြင့် နှစ်စဉ်တင်ပြခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံကောင်းမွန်လာအောင် ကြိုးစားဆောင်ရွက်လာကြကြောင်း။

ခင်းကျင်းပြသ

ထို့အပြင် ယခုနှစ် နီးနှောဖလှယ်ပွဲ၏ ထူးခြားချက်များအနေဖြင့် Pre Conference Workshop တစ်ခုကို အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် ကျင်းပနိုင်မှု၊ Symposium ခေါ်ဆွေးနွေးပွဲများကို Major Symposium နှင့် Mini Symposium အနေဖြင့်ခွဲခြားပြီး ကျယ်ပြန့်သည့် အရေအတွက် ထည့်သွင်းကျင်းပနိုင်မှုနှင့် တပ်ဖွဲ့တစ်ခုလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်း၊ လေ့ကျင့်ရေးအပိုင်း၊ ကုသရေးနှင့် ကာကွယ်ရေးအပိုင်း၊ ရောဂါရှာဖွေရေးအပိုင်း၊ သုတေသနအပိုင်း၊ ကျန်းမာရေးပညာပေးမှုအပိုင်း စသည်ဖြင့် ခင်းကျင်းပြသနိုင်မှု အစရှိသည်များကို တွေ့ရကြောင်း။

ကြိုတင်ပြင်ဆင်

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း နည်းပညာနှင့် သုတေသနနယ်ပယ် အသီးသီးကိုကြည့်လျှင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိ…

KYOCERA Digital Multifunction Copier
မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

Global Technology Co.,Ltd. က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော KYOCERA Digital Multifunction Copier မိတ်ဆက်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပရာ Global Technology Co.,Ltd. ၏ ဒါရိုက်တာ ဦးမင်းဆွေလှိုင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ထို့နောက် KYOCERA Mita Singapore Co.,Ltd.၏ Managing Director Mr.T.TANAKA က KYOCERA Mita Singapore Co.,Ltd. နှင့် Global Technology Co.,Ltd. တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းအကြောင်းကိုလည်းကောင်း၊ Global Technology Co.,Ltd. ၏ Senior Sales Engineer ဦးရန်နိုင်အောင်က KYOCERA Copier များ၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် ရရှိနိုင်သော အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

KYOCERA Copier Model TASKalfa 180 နှင့် TASKalfa 220 ဟူ၍ နှစ်မျိုးကို စတင်ဖြန့်ချိတင်သွင်းထားပြီး ၎င်း Model များတွင် တပ်ဆင်ထားသော Drum Unit သည် Long Life Drum ဖြစ်သည့်အတွက် အရွက်ရေ တစ်သိန်းခွဲအထိ ကူးယူနိုင်ပြီး KYOCERA Toner တစ်ဘူးသည် စာမျက်နှာ တစ်သောင်းခွဲအထိ ရိုက်ထုတ်ပေးနိုင်သောကြောင့် မိတ္တူစာမျက်နှာ တစ်မျက်နှာအတွက် ကုန်ကျစရိတ် အလွန်သက်သာသည်။

Service ဝန်ဆောင်မှုအပိုင်းအနေဖြင့် Warranty ကာလမှာ တစ်နှစ်ဖြစ်ပြီး ထိုကာလအတွင်း Service နှင့် Spare Parts များကိုလည်း အခမဲ့ ဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။ ရန်ကုန်နှင့် နေပြည်တော်ရှိ Service Team များမှာ နိုင်ငံခြားတွင် Service Training များကို သွားရောက် သင်ယူထားသော Service Engineer များနှင့် အကောင်းဆုံးဝန်ဆောင်မှု ပေးမည်ဖြစ်သည်။

အကောင်းဆုံးဝန်ဆောင်မှု

KYOCERA Digital Copier များကို Japan နည်းပညာနှင့် ထုတ်လုပ်ထားပြီး KYOCERA Digital Multifunction Copier Brand သည် မြန်မာနိုင်ငံတွင် လူသိနည်းနေသေးသော်လည်း အနောက်တိုင်း ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများတွင် အောင်မြင်မှုရနေသော Brand တစ်ခုဖြစ်ကြောင်း၊ KYOCERA Digital Copier များကို အသုံးပြုခြင်းဖြင့် Easy to Use (အသုံးပြုရလွယ်ကူခြင်း) Maintenance Cost သက်သာခြင်း၊ Cost Per Copy သက်သာခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိနိုင်ကြောင်း၊ KYOCERA Branded Copiers များကို GlobalNet ကုမ္ပဏီက အကောင်းဆုံး ဝန်ဆောင်မှု ပေးသွားမည်ဖြစ်ကြောင်း။

နှုတ်ခွန်းဆက်စကား

Global Technology Co., Ltd. ၏ ဒါရိုက်တာ ဦးမင်းဆွေလှိုင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)ရုံးမှ အမှုဆောင် ညွှန်ကြားရေးမှူး Mr.Kari Tapiola နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Kari Tapiola နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်တို့ တက်ရောက်ကြပြီး (ILO) ရုံးမှ အမှုဆောင် ညွှန်ကြားရေးမှူးနှင့်အတူ (ILO) အဖွဲ့ရုံး အလုပ်သမားရေးရာ "စံ" များဌာန ဒုတိယညွှန်ကြားရေးမှူး Ms. Karen Curtis၊ ဥပဒေအရာရှိ Mr. Drazen Petrovic နှင့် (ILO) ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall တို့ တက်ရောက်ကြသည်။

ထပ်မံသက်တမ်းတိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံးတို့သည် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များ ဆောင်ရွက်ရန် နောက်ဆက်တွဲ နားလည်မှုစာလွှာကို ၁၂လ ထပ်မံသက်တမ်းတိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

...မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၁-၁-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ဓမ္မသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၂၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၂၀ လောကနီတိ အသိရှိစေဖို့ (ပညာ)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၁၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (လှိုင်ရွှေစင်ထွဋ်)
၁၁း၄၅ သိပ္ပံပညာ သိကောင်းစရာ (တရုတ်သိပ္ပံနှင့် နည်းပညာ ပြတိုက်ကြီး)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန်/တေးပဒေသာ
၁၂း၂၀ ယဉ်းကျေးမှု အနုပညာ (မြန်မာ့ရွှေချည်ထိုးပညာ)
၁၂း၃၀ Music Talk (7) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရ တေးလက်ဆောင်
၁၇း၀၀ ဘ၀တစ်ကွေ့ အတွေ့အကြုံ (ဘ၀ခရီးကြမ်း)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ သီချင်းပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း **(နေရာမရှိပါ)**
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ် သိစေဖွယ် (စကားလုံးတို့၏ ရင်းမြစ်)
၁၉း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် အဲလက်စ်နဲ့ ခင်အိအိခင်တို့ ဇနီးမောင်နှံ)
၂၀း၅၀ တေးသံစုံ-စန္ဒရား စိန်သောင်းနဲ့ အဖွဲ့ စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (ဘယ်သူနဲ့မှ မတူစေနဲ့)
၂၁း၁၅ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်း ကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် ခင်းကျင်းပြသထားသည့် ဆေးပညာရပ်ဆိုင်ရာ သုတေသနပိုစတာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

...စ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံကောင်းမွန်ရေး ကြိုးစား ...သတင်းအချက်အလက်များ ပြန့်ပွားအောင် ဆောင်ရွက် ...သည့် ကူးစက်ရောဂါများနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်

နေပြည်တော် ဇန်နဝါရီ ၁၉

...နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ...စကား ပြောကြားသည်။

Conference Workshop တစ်ခုကို အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် ကျင်းပနိုင်မှု၊ Symposium ခေါ် ဆွေးနွေးပွဲများကို Major Symposium နှင့် Mini Symposium အနေဖြင့်ခွဲခြားပြီး ကျယ်ပြန့်သည့် အရေအတွက် ထည့်သွင်းကျင်းပနိုင်မှုနှင့် တပ်ဖွဲ့တစ်ခုလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်း၊ လေ့ကျင့်ရေးအပိုင်း၊ ကုသရေးနှင့် ကာကွယ်ရေးအပိုင်း၊ ရောဂါရှာဖွေရေးအပိုင်း၊ သုတေသနအပိုင်း၊ ကျန်းမာရေးပညာပေးမှုအပိုင်း စသည်ဖြင့် ခင်းကျင်းပြသနိုင်မှု အစရှိသည်များကို တွေ့ရကြောင်း။

ကြိုတင်ပြင်ဆင်

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း နည်းပညာနှင့် သုတေသနနယ်ပယ် အသီးသီးကိုကြည့်လျှင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိကြောင်း၊ ပြောင်းလဲတိုးတက်မှုများကို သိရှိနိုင်အောင် ကြိုးစားရင်း တစ်ဖက်က အသိအမြင်၊ ဗဟုသုတနှင့်သတင်းအချက်အလက်များကို ပြန့်ပွားအောင် ဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း၊ ထို့အပြင် မှန်ကန်သောသတင်းအချက်အလက်များကိုသာ လက်ခံနိုင်ရန် ပညာရှင်များ၏ လမ်းညွှန်မှုက အရေးကြီးကြောင်း၊ ကျန်းမာရေးကဏ္ဍမှာ ကြည့်လျှင် ကမ္ဘာတစ်ဝန်း ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ (Challenges in Health Sector) ရှိနေပြီး အသစ်အသစ် ပေါ်ထွက်လာသည့် ကူးစက်ရောဂါများနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် အပိုင်းများလည်း များစွာရှိနေကြောင်း။

ဗဟုသုတတိုးပွား

နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများမှ ကျန်းမာရေးဆိုင်ရာကဏ္ဍစုံတွင် သုတေသနတွေ့ရှိချက်များ၊ သတင်းအချက်အလက်နှင့် ခွဲခြမ်းစိတ်ဖြာထားရှိချက်များကို တပ်ဖွဲ့အတွင်း ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် တပ်မတော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်သကဲ့သို့ ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်းတွင်ရှိသည့် ပါရဂူ၊ ဆေးမှူးများ အပါအဝင် Health Professionals အားလုံးအတွက်လည်း အသိပညာ ဗဟုသုတ တိုးပွားစေမှာဖြစ်ကြောင်း။

ပါဝင်မည်

ယခုနှစ် နီးနှောဖလှယ်ပွဲမှာ သုတေသနစာတမ်းပေါင်း ၄၇စောင်၊ သုတေသန ပိုစတာ ၁၅စောင်၊ သတင်းအချက်အလက်ပြ ပိုစတာ ငါးစောင်၊ Major Symposium သုံးခု၊ Mini Symposium ငါးခု၊ Clinico-pathological Conference တစ်ခု၊ Clinical Session တစ်ခုနှင့် Special Talk ခုနစ်ခု ပါဝင်မည်ဖြစ်ကြောင်း။

ကဏ္ဍအစုံ လွှမ်းခြုံပါဝင်

အဆိုပါ သုတေသနပြုတင်ပြချက်များတွင် ရောဂါကာကွယ်ရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ကုသရေး၊ ပြန်လည်သန်စွမ်းရေးနှင့် လေ့ကျင့်ရေး စသည့်ကဏ္ဍအစုံ လွှမ်းခြုံပါဝင်ကြောင်း သိရှိရသည့်အတွက် တက်ရောက်သူများအတွက် အသိအမြင် ဗဟုသုတများစွာ တိုးပွားစေမှာ ဖြစ်ကြောင်း။

ဆီလျော်အကျိုးရှိအောင်

ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီတွေအနေဖြင့် နောင်လာမည့် နှစ်များတွင်လည်း ယခုကဲ့သို့ သုတေသနတင်သွင်းမှု အသွင်စုံ တင်ပြဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ သုတေသနဆောင်ရွက်ရုံသာမကဘဲ သုတေသန တွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် ဆီလျော်အကျိုးရှိအောင် အသုံးချသွားရန်လည်း လိုအပ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဆေးပညာရပ်ဆိုင်ရာ သုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ကျင်းပသွားမည်

(၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ဘာသာရပ်ဆိုင်ရာ အသီးသီးမှ သုတေသနစာတမ်းများ ဖတ်ကြားခြင်းနှင့် ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများကို ဇန်နဝါရီ ၂၁ရက်အထိ နေပြည်တော်ရှိ တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်မျက်နှာအတွက် ကုန်ကျစရိတ် အလွန်သက်သာသည်။

Service ဝန်ဆောင်မှုအပိုင်းအနေဖြင့် Warranty ကာလမှာ တစ်နှစ်ဖြစ်ပြီး ထိုကာလအတွင်း Service နှင့် Spare Parts များကိုလည်း အခမဲ့ ဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။ ရန်ကုန်နှင့် နေပြည်တော်ရှိ Service Team များမှာ နိုင်ငံခြားတွင် Service Training များကို သွားရောက် သင်ယူထားသော Service Engineer များနှင့် အကောင်းဆုံးဝန်ဆောင်မှု ပေးမည်ဖြစ်သည်။

အကောင်းဆုံးဝန်ဆောင်မှု

KYOCERA Digital Copier များကို Japan နည်းပညာနှင့် ထုတ်လုပ်ထားပြီး KYOCERA Digital Multifunction Copier Brand သည် မြန်မာနိုင်ငံတွင် လူသိနည်းနေသေးသော်လည်း အနောက်တိုင်း ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများတွင် အောင်မြင်မှုရနေသော Brand တစ်ခုဖြစ်ကြောင်း၊ KYOCERA Digital Copier များကို အသုံးပြုခြင်းဖြင့် Easy to Use (အသုံးပြုရလွယ်ကူခြင်း) Maintenance Cost သက်သာခြင်း၊ Cost Per Copy သက်သာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း၊ KYOCERA Branded Copiers များကို GlobalNet ကုမ္ပဏီက အကောင်းဆုံး ဝန်ဆောင်မှု ပေးသွားမည်ဖြစ်ကြောင်း။

ဝယ်ယူနိုင်

KYOCERA Digital Multifunction Copier များကို ဆက်သွယ်ဝယ်ယူလိုပါက GlobalNet (Global Technology Co.,Ltd.) အဆောင်(၇) အခန်း(၁) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၆၅၂၂၃၂၊ ၆၅၂၃၂၄၊ ၅၀၇၀၅၄၊ ၅၂၁၂၈၈၊ ၅၂၁၂၈၉နှင့် ၅၂၁၂၉၀နှင့် အမှတ်(ပ/၄၇) ပွဲရုံလမ်း မြို့မဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၁၅၄စတို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အသည်းအလှူရှင်နှင့် အသည်းအစားထိုးကုသမှုခံယူခဲ့သူတို့အား တွေ့ဆုံ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုကို ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇန်နဝါရီ ၁၆ရက် နံနက် ၁၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ သွားရောက်၍ ဒုတိယအကြိမ် မြန်မာနိုင်ငံ ခွဲစိတ်ဆရာဝန်များက နိုင်ငံတော်စရိတ်ဖြင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုပေးခဲ့သည့် အသည်းအလှူရှင်နှင့် အသည်းအစားထိုး ကုသမှုခံယူခဲ့သူတို့အား တွေ့ဆုံအားပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဝန်ကြီးသည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသဆောင် အခန်း(၁)၌ အသည်းအလှူရှင် ဦးလင်းထက်လှိုင်အား ရင်းနှီးစွာတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေကို မေးမြန်းစစ်ဆေးအားပေးပြီး အသက်ရှင်သူ အသည်းအလှူရှင်ထံမှ အသည်းတစ်ဝက်ကိုယူ၍ အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့် အသည်းရောဂါဝေဒနာရှင် ဦးအောင်မြင့်နိုင်၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပါမောက္ခ ဌာနမှူးများ၊ ထောက်ပံ့ကူညီပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၄ခုနှစ်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သော အသည်းရောဂါဝေဒနာရှင် ဦးခင်ဇော်ထက်အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ပါမောက္ခဌာနမှူးများ၏ အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ တင်ပြချက်များကို ဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရေရှည်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး ၂၀၀၄ခုနှစ်တွင် ပထမအကြိမ် မြန်မာခွဲစိတ်ဆရာဝန်များက သေဆုံးသူထံမှ အသည်းဖြင့် အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သော အသည်းရောဂါဝေဒနာရှင် ဦးခင်ဇော်ထက်နှင့် တွေ့ဆုံကာ အသည်းအစားထိုး ခွဲစိတ်ကုသ အောင်မြင်မှု အခြေအနေများကို မေးမြန်း၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဝင်းအတွင်းရှိ အမျိုးသားသွေးဌာန အဆောက်အအုံ ပြင်ဆင်မွမ်းမံမှု အခြေအနေများကို သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ အမျိုးသားသွေးဌာန ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်နှင့် တာဝန်ရှိသူများက မွမ်းမံပြင်ဆင်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် တရုတ်လုစံပြကျေးရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးရေးဆွေးနွေးမှာကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ဘားအံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံမှာကြားပြီး မိသားစုဝင်များအတွက် အားကစားပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် လှိုင်းဘွဲ့မြို့နယ် ထီလုံစစ်မှုထမ်းဟောင်းကျေးရွာ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက အိမ်ရာဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်၌ ဒေသခံပြည်သူများ၏ စာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျေးရွာအတွင်း အိမ်ရာများ တည်ဆောက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ပြီး တာဝန်ရှိသူတစ်ဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းသူများ၏ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်ပညာသင်ကြားနေမှုနှင့် သင်တန်းမှ ချုပ်လုပ်ထားသည့် အဝတ်အထည်နှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဘားအံမြို့ အမှတ်(၄)ရပ်ကွက်၌ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်၊ သစ်စေ့မျိုးစုံပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များထံ သစ်စေ့များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် သစ်စေ့များကို ပျိုးထောင်ပေးပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ သစ်စေ့ပျိုးထောင်နေမှုများ၊ သဘာဝတောနှင့် စိုက်ခင်းများ၏ မှတ်တမ်းဓာတ်ပုံများနှင့် နမူနာဆောက်လုပ်ပြသထားသည့် ယူကလစ်အိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ဆက်လက်၍ ဘားအံမြို့ တရုတ်လုစံပြကျေးရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ကောက်စိုက်နေမှုနှင့် နွေစပါးစုပေါင်း ထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကာ ကောက်စိုက်သမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဘားအံ-ကော့ကရိတ်- မြဝတီလမ်းပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဘားအံ-မော်လမြိုင်လမ်းပိုင်း အခြေအနေများ၊ လမ်းတစ်လျှောက်ရှိ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် လမ်းဘေးဝဲ/ယာ တစ်လျှောက် နွေစပါးများ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဇန်နဝါရီ ၃ရက်က (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သာယာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပရာ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အမှုဆောင်အရာရှိ ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၂၀ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ အမှုဆောင်သစ် ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁၉

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး၊ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲနှင့် သက်ကြီးစာပေ ပညာရှင်များအား ကန်တော့ပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါ်တင်မွေး (မွေးငယ်ငယ်)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) အလုပ်အမှုဆောင် ဦးကျော်ဝင်း(မနုသကျော်ဝင်း)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမော် **(အောက်ဝဲပုံ)**တို့က အမှာစကား ပြောကြားကြသည်။

ရွေးချယ်

ဆက်လက်၍ ညီလာခံကိုယ်စားလှယ်၊ နာယကများနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)တို့အား ရွေးချယ်သည်။

ပူဇော်ကန်တော့

ထို့နောက် အဖွဲ့နာယက ရှစ်ဦးကို ရွေးချယ်ပြီး အလုပ်အမှုဆောင် အဖွဲ့သစ်အဖြစ် ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)၊ တွဲဖက်အတွင်းရေးမှူး ဦးရဲမြင့်ဦး (မောင်ခင်သာ)၊ ဘဏ္ဍာရေးမှူး ဦးမြင့်စိုး (ကွမ်း- ပေါင်းတည်)၊ အဖွဲ့ဝင် ဦးကျော်ဝင်း (တနင်္သာရီကျော်ဝင်း)နှင့် ဦးမြစိန် (မိုးကျော်သူ)တို့ကို ရွေးချယ်ကြကာ သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြသည်။

(မြန်မာ့အလင်း)

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀

Housing & Building 2010 ရန်ကုန် တပ်မတော်ခန်းမတွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

IEMS Company Limited သည် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀-Housing & Building 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် လာမည့် ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် TMW Enterprise မှ Inax ကြွေပြား၊ ကျောက်ပြားများ၊ Sanyo မှ Sosuco ကြွေပြားများ၊ Champion Construction Material မှ အိမ်ခန်းသုံးပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ၊ Regency မှ Midea Lighting အလှဆင် မီးသီးနှင့် မီးဆိုင်းများ၊ Octagon Int's Co., Ltd.မှ Giant Elevator များ၊ Asia Metal Co.,Ltd. မှ ဆောက်လုပ်ရေးသုံး Metal နှင့် Metal Structure များ၊ Naing Construction ၊Shine Construction & Elevator ၊Opal Construction မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံနှင့် အရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ Zaw & Hnin Co.,Ltd. မှ Water proofing & Construction Chemicals များ၊ Tet Thit Oo Trading မှ (Unaxol) Water Based Wood Lacquer များ၊ TWJS Co.,Ltd. (Hometex)၊Sea Master၊ TOA နှင့် Nippon Paint မှ အရည်အသွေးမြင့် အိမ်သုတ်ဆေးများ၊ Golden Hook Co.,Ltd. မှ izen တံဆိပ်အဆင့်မြင့် အီလက်ထရွန်နစ်စနစ်သုံး ဘိုထိုင်ခုံများ၊ Lucky Bird နှင့် NCTC Computer မှ နောက်ဆုံးပေါ် Projector၊ Copier နှင့် Laptop များ၊ Universal Furniture၊ Coffer Manufacturing နှင့် PW & GG JV Co.,Ltd., Ocean Glory၊MK Winner Furniture နှင့် Gold Coil မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂများ၊ Asterism International မှ ဆောက်လုပ်ရေးပစ္စည်းများနှင့် အိမ်ရာပုံစံငယ်များ၊ အိမ်ရာအရောင်းပြခန်းများ၊ Tharaphee မှ Korea Laminate Floor များ၊ Sin Pauk Trading မှ ဗီနိုင်းကြမ်းခင်းများ၊ D & D Co., Ltd. မှ Interior Decoration ပြခန်းများ၊ 133 Builder's Hardware's မှ Japan နိုင်ငံထုတ် Sliding Door Closer System များ၊ Aluminium Empire မှ Aluminium Composite Panel များ၊ IEM နှင့် Denyo မှ မီးစက်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ Ever Seiko မှ ရေချိုးခန်းသုံး Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူ၊ ရေအေး စက်များ၊Midea အမှတ်တံဆိပ် Induction cooker များ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ Top Fiber Glass မှ အဆင့်မြင့်ရေတိုင်ကီ၊ ထိုင်ခုံ၊ အမှိုက်ပုံးများ၊ GSR Stainless Steel မှ Stainless Steel သုံး ခေတ်မီ အဆင့်မြင့် ဒီဇိုင်းဆန်းပစ္စည်းများ၊ Allways Hardware Mart မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးနှင့် အိမ်တွင်း အလှဆင်ပစ္စည်းများ၊ Rhythm မှ ခေတ်မီဆန်းသစ်သော တိုင်ကပ်နာရီများ၊ အလှကမ္ဘာမှ Digital Camera များ၊ SP Group မှ Air Pure တံဆိပ်အဆင့်မြင့် Automatic Air Fresher များ၊ Amtt မှ ဆေးခန်းနှင့် ဆေးရုံသုံးပစ္စည်းများ၊ Khind, Maco, Mistral မှ ခေတ်မီ အီလက်ထရွန်နစ် အိမ်သုံးပစ္စည်းများ၊ Phu Pwint မှ Coach Wallet များ၊ Fujiki ရေသန့်စက်နှင့် Battery များ၊ Cosmetics များကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Spanky Music Production MD မျိုးမျိုး(G.R)နှင့် တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် IEMS Company အနေဖြင့် ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ပြီးအသေး စိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈-၈၃၁- ၆၂၈သို့ မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်ယူ ဂိုးသမားကြီး ဗန်ဒါဆား၏ ဘဝကောက်ကြောင်း

ရေးသူ - မောင်မောင်မြင့်ဆွေ ၊ စာမျက်နှာဖွဲ့စည်းမှု -လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၁၉

မန်ယူအသင်းကို ရောက်ပြီး ထူးထူးခြားခြားမှတ်တမ်းတင်နိုင်ခဲ့သည့် ဘောလုံးသမားများ ရှိခဲ့သည်။ မန်ယူအသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို မိမိတို့ကိုယ်တိုင်လည်း မန်ယူကလပ်သမိုင်း၌ စံချိန်တင်ခဲ့သူများဖြစ်သည်။ ယင်းဘောလုံးသမားများအနက် ဂိုးသမား ဗန်ဒါဆားလည်း ပါဝင်နိုင်ခဲ့သည်။

မန်ယူအတွက် အားထားရသော ဂိုးသမား ဗန်ဒါဆား ။

တာဝန်ယူ

ဇနီးသည် ကျန်းမာရေးအခြေအနေကြောင့် မန်ယူနှင့်အတူ ပွဲစဉ်အချို့၌ ဗန်ဒါဆား ပါဝင်ကစားနိုင်ခြင်းမရှိခဲ့။ ဗန်ဒါဆားနေရာ၌ အရန်ဂိုးသမား ဘင်ဖော်စတာ တာဝန်ယူခဲ့သည်။ ဘင်ဖော်စတာသည် အဝင်အထွက် ရဲဝံ့မှု၊ တိကျသေသပ်ခြင်းနှင့် ဆုံးဖြတ်ချက်မှန်ကန်မှုတို့၌ ဗန်ဒါဆားကို မမီ၊ မန်ယူတို့ မပေးသင့်သည့်ဂိုးများ ပေးခဲ့ရသည်။ ပွဲစဉ်အချို့ ရလဒ်မကောင်းခြင်းမှာ ဘင်ဖော်စတာနှင့် မကင်းခဲ့ချေ။ ဖာဂူဆန်က ဗန်ဒါဆားကို အမြန်ပြန်ခေါ်ကာ လေ့ကျင့်ကွင်းဝင်စေခဲ့သည်။ မန်ယူဂိုးပေါက်ကို ဗန်ဒါဆား ပြန်လည်တာဝန်ယူ စောင့်ကြပ်ခဲ့ရသည်။

မှတ်တမ်းတင်

ဗန်ဒါဆားက လိုလိုလားလား ပါဝင်ကစားခဲ့သည်။ တာဝန်ကျေစွာ လက်စွမ်းပြခဲ့သည်။ မန်ယူတို့ ပွဲစဉ် (၂၂)၌ ဘန်လေအပေါ် နိုင်ပွဲရရှိခဲ့သည်။ ဘန်လေအသင်းနှင့်ပွဲတွင် ဗန်ဒါဆား ပါဝင်ကစားခဲ့မှုသည် မန်ယူကလပ်၏ ၈၉နှစ်တာ ကာလအတွင်း အသက်အကြီးဆုံး ဂိုးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဗန်ဒါဆားအသက်

မန်ယူနှင့် ဘန်လေတို့ ပရီမီယာလိဂ်ပွဲစဉ် (၂၂) ယှဉ်ပြိုင်ကစားခဲ့သည့် ဇန်နဝါရီ ၁၆ရက်သည် ဗန်ဒါဆား အသက် ၃၉နှစ်နှင့် ၇၉ရက် ရှိပြီဖြစ်သည်။ ယင်းအသက်သည် ၂၀၀၂ ခုနှစ် မေလက ချာလ်တန်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားသည့်ပွဲ၌ မန်ယူဂိုးသမားအဖြစ် တာဝန်ယူခဲ့သည့် ဒတ်ချ်နိုင်ငံသား ရေမွန်ဗန်ဒါဂိုးထက် ၃၁ရက် ပိုပြီး အသက်ကြီးခဲ့သည်။ ထိုစဉ်က ရေမွန်ဗန်ဒါဂိုး၏ အသက်မှာ၃၉နှစ်နှင့် ၄၈ရက်ဖြစ်သည်။

အသက်အကြီးဆုံး

မန်ယူကလပ်၏ ၁၉၂၁ ခုနှစ် မေလနောက်ပိုင်း ကာလတစ်လျှောက်၌ အသက်အကြီးဆုံး ဂိုးသမားအဖြစ် ဗန်ဒါဆား မှတ်တမ်းတင်နိုင်ခဲ့သည်။ အသက် ၄၀နီးပါး အရွယ်အထိ မန်ယူဂိုးပေါက်ကို တာဝန်ကျေပွန်စွာ စောင့်ကြပ်ခဲ့သည့် အစွမ်းရှိကြောင်း၊ အသက်အရွယ်ရလာသည်အထိ လက်စွမ်းပြနိုင်နေဆဲဖြစ်ကြောင်းကို ဗန်ဒါဆား အလုပ်နှင့် လက်တွေ့ပြသနေဆဲဖြစ်သည်။

စံချိန်မချိုးနိုင်သေး

စစ်ပြီးနောက်ပိုင်းကာလများအတွင်း မန်ယူကလပ်သမိုင်း၌ အသက်အကြီးဆုံး ဂိုးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သူမှာ ဘီလီမီရီဒတ်ဖြစ်သည်။ ဘီလီမီရီဒတ်သည် ၁၉၂၁ ခုနှစ် မေလက မန်ယူ ဂိုးသမားအဖြစ်မှ အနားယူခဲ့သည်။ မီရီဒတ်အနားယူချိန်၌ သူ၏ အသက်မှာ ၄၆နှစ်နှင့် ၂၈၁ရက်ဖြစ်သည်။ ယင်းစံချိန်ကို ဗန်ဒါဆား မချိုးနိုင်သေး။ သို့သော် ဒုတိယ ကမ္ဘာစစ်နောက်ပိုင်း အချိန်ကာလတွင် ဗန်ဒါဆားသည် မန်ယူအသင်း၏ အသက်အကြီးဆုံး ဂိုးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဗန်ဒါဆား ကောက်ကြောင်း

ဟော်လန်နိုင်ငံ ဗိုရာဟုပ်မြို့တွင် ၁၉၇၀ခုနှစ် အောက်တိုဘာ ၂၉ရက်၌ ဗန်ဒါဆားကို မွေးဖွားခဲ့သည်။ အေဂျက်အသင်းတွင် ဂိုးသမားအဖြစ် စတင်ပါဝင်ကစားခဲ့ရာ ၁၉၉၂ခုနှစ်၌ ယူအီးအက်ဖ်အေဖလား၊ ၁၉၉၅ခုနှစ်၌ ချန်ပီယံလိဂ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သည်။ ၁၉၉၆ခုနှစ်တွင် အေဂျက်အသင်းအား ဒတ်ချ်လိဂ်ဖလားရယူပေးခဲ့ပြီး ဂျူဗင်းတပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ၂၀၀၁ခုနှစ် ဩဂုတ်လ၌ ဖူလ်ဟမ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ခုနစ်သန်းဖြင့် ရောက်ရှိခဲ့သည်။ ထိုစဉ်က ဖူလ်ဟမ်ကလပ်၏ ဘောလုံးသမားခေါ်ယူမှု သမိုင်းတွင် ငွေကြေးအများဆုံး စံချိန်ဖြစ်သည်။ ၂၀၀၅ခုနှစ်၌ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ မန်ယူကို ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားများရယူနိုင်ရေး စွမ်းဆောင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ ဘောလုံး ရာသီ၌ မန်ယူအသင်းအား ၁၃၁၁မိနစ်ကြာမျှ ဂိုးမပေးနိုင်အောင် ကာကွယ်ပေးခဲ့ရာ ဘောလုံးတစ်ရာသီအတွင်း အချိန်အကြာဆုံး ဂိုးမပေးရရေး လက်စွမ်းပြနိုင်သည့် ဂိုးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်းနှစ်မှာပင် ယူအီးအက်ဖ်အေမှ တစ်နှစ်တာအတွင်း ဥရောပအကောင်းဆုံး ဂိုးသမားအဖြစ် ရွေးချယ်ခဲ့သည့်အပြင် ကမ္ဘာ့ အကောင်းဆုံး ဂိုးသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခဲ့သည်။

စွမ်းဆောင်မှု

ဗန်ဒါဆားသည် မန်ယူအသင်းအား ဇန်နဝါရီ ၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၂)အထိ သေချာပေါက်ဂိုးသွင်းမှု ၇၂၅ကြိမ်ကို လက်စွမ်းပြ ကာကွယ်ပေးနိုင်ခဲ့သည်။ နှစ်ပေါင်း ၉၀နီးပါးကာလအတွင်း မန်ယူ၏ အသက်အကြီးဆုံး ဂိုးသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပေပြီ။ **ကိုးကား-အင်တာနက်**

ဘာမင်ဂမ်ပိုင်ရှင်ဟောင်းများ ဝက်စ်ဟမ်းအသင်းကို လွှဲပြောင်းယူ

လန်ဒန် ဇန်နဝါရီ ၁၉

ဘာမင်ဂမ်အသင်းပိုင်ရှင်ဟောင်းများဖြစ်ကြသည့် ဒေးဗစ်ဂိုးနှင့် ဒေးဗစ်ဆူလ်လီဗန်တို့သည် ဝက်စ်ဟမ်းအသင်းကို အစုရှယ်ယာ ၅၀ရာခိုင်နှုန်း ထည့်ဝင်ပြီး အသင်း လွှဲပြောင်းရယူလိုက်ပြီဖြစ်သည်။

ရန်းကန်ကြိုးစား

ယင်းတို့နှစ်ဦးသည် စီဘီဟိုးလ်ဒင်းကုမ္ပဏီထံမှ ဝက်စ်ဟမ်းအသင်းကို ဇန်နဝါရီ ၁၉ရက်တွင် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ ၎င်းအသင်းတွင် ပေါင် ၁၀၅ သန်းရင်းနှီးမြှုပ်နှံထားသည်။ ဝက်စ်ဟမ်းအသင်းကို ချယ်လ်ဆီးနည်းပြဟောင်း ဇိုလာကကိုင်တွယ်လျက်ရှိပြီး အမှတ်ပေးဇယားအောက်ဆုံးနေရာများမှ လွတ်မြောက်ရေး ရန်းကန်ကြိုးစားနေရသည်။ **(အင်တာနက်)**

တိုက်စစ်မှူး အွန်နရီအား ၂၀၁၀ကမ္ဘာ့ဖလား ပါဝင်ကစားခွင့်ပြု

လန်ဒန် ဇန်နဝါရီ ၁၉

ပြင်သစ်တိုက်စစ်မှူး အွန်နရီအား ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးခြေစစ်ပွဲအဖြစ် အိုင်ယာလန်အသင်းနှင့် ကစားခဲ့ရာတွင် လက်ဖြင့်ထိန်းသွင်းပြီးအနိုင်ရယူခဲ့သော်လည်း လာမည့် ကမ္ဘာ့ဖလားကစားခွင့်အတွက် ပိတ်ပင်အရေးယူမည်မဟုတ်ကြောင်း ဖီဖာက ပြောကြားသည်။

ဘာစီလိုနာတိုက်စစ်မှူး အွန်နရီသည် ယင်းကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဝီလျံဂါးလက်စ်ပေးပို့သော ဘောလုံးကို နှစ်ကြိမ်တိုင် လက်ဖြင့်ထိန်းကာပြီး သွင်းယူခဲ့သည်။ အာဆင်နယ်ကစားသမားဟောင်း အွန်နရီအား ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ပြင်သစ်အသင်းအတွက် ပါဝင် ကစားပေးနိုင်မည်ဟု ဖီဖာ၏ ကြေညာချက်၌ ဖော်ပြသည်။ (အင်တာနက်)



မြင့်မောင်စိုး-စုစည်းသည်

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲမှ အက်ဆီယံထွက်ခဲ့ရ

လောက်ဒါ ဇန်နဝါရီ ၁၉

ဂါနာ ကွင်းလယ်ကစားသမား အက်ဆီယံသည် လေ့ကျင့်မှုပြုလုပ်စဉ် ထိခိုက်ဒဏ်ရာ ရရှိသွားသဖြင့် ၂၀၁၀ အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီဖြစ်သည်။

ချယ်လ်ဆီးကစားသမား အက်ဆီယံသည် ဒူးခေါင်းအရွတ်ပြတ်သွားသဖြင့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင်သာမက ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲများပါ လွဲချော်နိုင်ဖွယ်ရှိသည်။ အသက် ၂၇နှစ်ရှိ အက်ဆီယံသည် ယင်းဒဏ်ရာကြောင့် အနည်းဆုံး တစ်လတာ အနားယူရဖွယ်ရှိသည်။ (အင်တာနက်)

ဩစတြေးလျ တင်းနစ်ပြိုင်ပွဲ လက်ရှိချန်ပီယံများ ဖွင့်ပွဲအနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၁၉

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ကျင်းပလျက်ရှိရာ လက်ရှိချန်ပီယံကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယာက ရုရှားတင်းနစ်ကစားသမား အီဂေါ အင်ဒရေ့ဗ်အား ၄-၆၊၆-၂၊ ၇-၆(၇-၂)ဖြင့် အနိုင်ရပြီး စတုတ္ထအကြိမ်မြောက် ဖလားဆွတ်ခူးရန် ခြေလှမ်းသစ်စတင်လိုက်သည်။

ထို့အတူ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဆီရီနာဝီလျံကလည်း ပိုလန်တင်းနစ်မယ် ရဝမ်စကာအား ၆-၂၊ ၆-၁ဖြင့် အဖွင့်ပွဲ အနိုင်ရလိုက်သည်။ အခြားပြိုင်ပွဲအဖြစ် ဆားဘီးယားတင်းနစ်မယ်များ ဖြစ်ကြသည့် ဂျန်ကိုဗစ်နှင့် အီဗာနိုဗစ်တို့လည်း ပြိုင်ဘက်များကို အသီးသီး အနိုင်ရခဲ့သည်။

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ရှွန်နေအား ခေါ်ယူရန် ဘာစီလိုနာ အရှိန်မြှင့်

ဘာစီလိုနာအသင်းသည် မန်ယူတိုက်စစ်မှူး ဝိန်းရှွန်နေအား ခေါ်ယူစာချုပ်ရန် အရှိန်မြှင့်ကြိုးစားလျက်ရှိသည်။ တစ်နှစ်စာအတွက် လစာနှင့်အခွန်စုစုပေါင်း ပေါင် ရှစ်သန်းပေးရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။

နစ္စတယ်ရိုင်းအားခေါ်ယူရေး ရက်နက်နှင့် ရီးရဲ ဆွေးနွေး

စပါးနည်းပြ ဟာရီရက်နက်သည် ရီးရဲမက်ဒရစ်မှ မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရိုင်းအား ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေးလီးတယ်လီဂရပ် သတင်းတွင်ဖော်ပြသည်။

အသင်းခေါင်းဆောင် ဂျရတ် လီဗာပူးမှ ထွက်ခွာဖွယ် ရှိ

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုက ကိုးနှစ်သားအရွယ်တွင်ပင် လီဗာပူးသို့ ဆက်သွယ်ဝင်ရောက်ခဲ့သူ ဂျရတ်သည် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း၊ ရီးရဲမက်ဒရစ်၊ အင်တာမီလန်နှင့် ပရီမီယာလိဂ်မှ မန်စီးတီးတို့ကဲ့သို့သော ငွေကြေးပုံအောသုံးစွဲနိုင်သည့် အသင်းကြီးများက ၎င်းအားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

လိဒ်တိုက်စစ်မှူး ဘက်ဖို့ဒ် အဲဗာတန်သို့ ထွက်ခွာဖွယ်

လိဒ်တိုက်စစ်မှူး ဂျာမိန်းဘက်ဖို့ဒ်သည် နွေရာသီတွင် ပထမတန်းအသင်းမှ ပရီမီယာလိဂ်အသင်း အဲဗာတန်သို့ ထွက်ခွာရန်စီစဉ်လျက်ရှိကြောင်း ဒေးလီးမေရာ သတင်းတွင် ဖော်ပြသည်။

ကာနာလက်စ်အား ခေါ်ယူနိုင်ရေး အာစင်ဝင်းဂါးထပ်မံဆွေးနွေး

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ရေဆင်းမှ ကွင်းလယ်ကစားသမား ဆာဂျီယိုကာနာလက်စ်အား ခေါ်ယူစာချုပ်နိုင်ရေးအတွက် ၎င်း၏ဖခင်လည်းဖြစ်ပြီး အေးဂျင့်လည်းဖြစ်သူနှင့် ဆွေးနွေးမှုများ ထပ်မံပြုလုပ်လျက်ရှိကြောင်း၊ ရီးရဲမက်ဒရစ်၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ကလည်း အသက် ၁၈နှစ်ရှိ ကာနာလက်စ်အား ခေါ်ယူရန်စိတ်ဝင်စားနေကြကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ထိပ်တန်းတိုက်စစ်မှူးများခေါ်ယူရန် တောရက်စ်တိုက်တွန်း

ဖိအားပေးခံနေရသော ရာဖေးလ်ဘင်နီတက်ဇ်သည် ဆန်းဒါးလန်းတိုက်စစ်မှူး ကီဝန်ဂျွန်းစ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၂သန်းဖြင့် ခေါ်ယူစာချုပ်ရန် စဉ်းစားချင့်ချိန်နေချိန်တွင် ဗလင်စီယာမှ ဒေးဗစ်ဆီလ်ဗာနှင့် ဒေးဗစ်ဗီလာတို့ကဲ့သို့သော ထိပ်တန်း စပိန်တိုက်စစ်မှူးများကိုခေါ်ယူရန် လီဗာပူးကြယ်ပွင့် တောရက်စ်က တိုက်တွန်းပြောကြားခဲ့ကြောင်း သည်ဆန်းတွင် ဖော်ပြသည်။

ဝီဂန်မှ ဘယ်နောက်ခံလူကို စတီဘရုစ်ခေါ်ယူလို

ဆန်းဒါးလန်းနည်းပြ စတီဘရုစ်သည် ဝီဂန်အသင်းမှ ပေါင်ခုနစ်သန်းတန် ဘယ်နောက်ခံလူ ဖီဂွိယိုအာကို ခေါ်ယူလိုပြီး ၎င်းအားခေါ်ယူနိုင်ရေးအတွက် ကွင်းလယ်ကစားသမား ကီရန်ရစ်ချက်ဆန်ကို ထုတ်ရောင်းမည်ဖြစ်ကြောင်း ဒေးလီးစတားသတင်း၌ ဖော်ပြသည်။

ဘင်ဖီကာမှ ဂိုမက်ဇ်အား ဆန်းဒါးလန်း ခေါ်ယူရန်ပြင်ဆင်

ဘင်ဖီကာအသင်းမှ ပေါ်တူဂီတိုက်စစ်မှူး နူနိုဂိုမက်ဇ်အား ဆန်းဒါးလန်းအသင်းက ကမ်းလှမ်းခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သည်ဆန်းသတင်းတွင် ဖော်ပြသည်။

ခံစစ်မှူးကဘူးလ်အား လိုင်လီက ပေါင် ၁၀သန်းဖြင့် ကမ်းလှမ်းလို

ပြင်သစ်အသင်းလိုင်လီက ပို့စ်မောက်ခံစစ်မှူး ယွန်နက်စ်ကဘူးလ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စာချုပ်လိုကြောင်း၊ ငွေကြေး အကျပ်အတည်းကြုံနေသော ပို့စ်မောက်အသင်းကလည်း ယင်းကမ်းလှမ်းချက်ကို လက်ခံရန် ဆန္ဒရှိနေကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

ပက်ဗလူချင်ကိုအား ခေါ်ယူရေး စွန့်လွှတ်လိုက်ပြီ

စပါးတိုက်စစ်မှူး ရိုမန်ပက်ဗလူချင်ကိုအား ခေါ်ယူစာချုပ်ရေး ကြိုးပမ်းမှုကို နောက်ဆုတ်လိုက်ပြီဖြစ်ကြောင်း ရုရှားအသင်း ဇင်းနစ်စိန့်ပီတာဇဘတ်ဂ်က ဖွင့်ဟပြောကြားခဲ့သည်ဟု သည်ဂါးဒီးယန်းတွင် ဖော်ပြသည်။

အာဖရိက နိုင်ငံများဖလား အနိုင်/အရှုံး ရလဒ်

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၇ရက်က အုပ်စု(ဃ)ပြိုင်ပွဲတွင် ဂါဘွန်နှင့် တူနီးရှားတို့ ဂိုးမရှိသရေကျပြီး ကင်မရွန်းက ဇမ်ဘီယာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇန်နဝါရီ ၁၈ရက်က အုပ်စု(က)ပြိုင်ပွဲ၌ အင်ဂိုလာနှင့် အယ်လ်ဂျီးရီးယားတို့ ဂိုးမရှိသရေကျခဲ့ပြီး မာလီက မာလာဝီကိုသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် အင်ဂိုလာနှင့် အယ်လ်ဂျီးယားနှစ်သင်းမှာ ကွာတားဖိုင်နယ်ပြိုင်ပွဲသို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ချစ်သန်း(ငြိမ်း)-ဒေါ်ခင်အေးမူတို့၏
တစ်ဦးတည်းသောသား

မောင်ပြည့်စုံဖြိုး(ခ)မောင်ဖြိုးပြည့်စုံချစ်သန်း

(AMIMechE)
M.Sc in Mechanical Engineering(University of Lancaster,the UK)
B.Eng in Mechanical & Automotive Engineering
(University of Bradford,the UK)
Year II(B.A in Business Management,Yangon)

နှင့်

ရန်ကုန်မြို့နေ ဦးစိုင်းမောင်မောင်မြင့်(Chairman,Sky Lion Trading Co.,Ltd. TIENS & Banner Store Supermarket)-ဒေါ်ခင်မင်းမင်းစိုး(MD, The Selection Co.,Ltd.)တို့၏
သမီးဦး

မအေးနန္ဒာစိုး

(Member of Chartered Management Institution,the UK)
M.Sc in Project Management(University of Lancaster,the UK)
Higher Education Diploma the UK in Business Administration
(University of Hertfordshire,the UK)
B.A in Business Management(Yangon), Foundation Degree in Business Studies(INTI International University College Malaysia)LCCI

တို့သည် ၁၄-၁-၂၀၁၀ ရက် Sedona Hotel,Executive Club ခန်းမ၌ တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီဒေါ်မြမြလေးတို့၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး၍ လည်းကောင်း၊ ၁၅-၁-၂၀၁၀ရက် Sedona Hotel,Executive Club ခန်းမ၌ပင် မင်္ဂလာနာယက ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်တက်ရောက်၍ မဏိဇောတရေ ဦးစိုးဟန်လင်းနှင့်ဇနီး ဒေါ်နန္ဒာအောင်တို့မှ မင်္ဂလာအောင်စံပယ် ပန်းကုံးများချီးမြှင့်ပေးပြီး မင်္ဂလာလက်ထပ်လက်စွပ်အား ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စောဥမ္မာတို့က ဆင်မြန်းပေးကာ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စုလျားရစ်ပတ် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်စုံဖြိုး-မအေးနန္ဒာစိုး။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးချုပ်ချစ်သန်း(ငြိမ်း)-ဒေါ်ခင်အေးမူတို့၏
တစ်ဦးတည်းသောသား

မောင်ပြည့်စုံဖြိုး(ခ)မောင်ဖြိုးပြည့်စုံချစ်သန်း

နှင့်

ရန်ကုန်မြို့နေ
ဦးစိုင်းမောင်မောင်မြင့်-ဒေါ်ခင်မင်းမင်းစိုးတို့၏
သမီးဦး

မအေးနန္ဒာစိုး

တို့၏ ၁၆-၁-၂၀၁၀ရက် Traders Hotel, Myanmar Ballroom ခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်လေးယု၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော Golden Flower Co., Ltd. မှ ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဇနီးဒေါ်ခင်ဝင်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၄-၁-၂၀၁၀ရက် Sedona Hotel, Executive Club ခန်းမ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီဒေါ်မြမြလေးတို့အား လည်းကောင်း၊ ၁၅-၁-၂၀၁၀ရက် Sedona Hotel, Executive Club ခန်းမ၌ပင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော မဏိဇောတရေ ဦးစိုးဟန်လင်းနှင့် ဇနီး ဒေါ်နန္ဒာအောင်၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်စောဥမ္မာတို့အားလည်းကောင်း၊ ၁၇-၁-၂၀၁၀ရက် Sedona Hotel, Pool Side၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာ Dinner အခမ်းအနားအပါအဝင် မင်္ဂလာအခမ်းအနားအသီးသီးသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့်အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်စုံဖြိုး-မအေးနန္ဒာစိုး။



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်သိန်းကို၏ Passport နံပါတ် A-၃၄၀၇၃၀သည် ၁၄-၁-၂၀၁၀ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပါရန်။ **ဦးကြည်သိန်းကို**
ဖုန်း-၀၉-၅၁-၇၂၉၃၄။

သင့်သွေးဖြင့်
အသက်ကယ်ပါ

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ဗိုလ်မှူးကြီးမျိုးအောင်(ငြိမ်း)ထားဝယ်-ဒေါ်ဝါဝါနှင့်
ဦးရဲမြင့်-ဒေါ်မြရီ(ကောင်းကင်ရန်ပုန်မှန်တိုက်၊ ဝါဝါဝင်းစတိုး)တို့၏ မြေး
No.62, Brookdale Cres. Brampton. Ontario, Canada နေ
ဦးစောအောင် (Art Director, Colet Label Graphix, Canada) -
ဒေါ်ဆွေဆွေမြင့်တို့၏သားကြီး

မောင်ပြည်စိုးအောင်

2nd Year (Economics), Diploma in Computer Studies (NCC, UK)
(Artech Images, Canada) (GS Art Work)

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျမြို့တော်၊ ပုဂံလမ်း၊ အမှတ် ၃၄ နေ
ဦးမျိုးတင့်ကြည်-ဒေါ်ညွန့်ယဉ်ဝင်း (MD Landmark Construction Group)
(ဇဝမြန်မာဆေး) တို့၏ တစ်ဦးတည်းသောသမီး

မမေခလာမျိုးဝင်း

M.A. (IR), Diploma in Business Studies (UK)
Director (Landmark Construction Group)

တို့၏ ၁၀-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့် ဇနီးဒေါ်နုနုဆွေ၊ မင်္ဂလာဆွဲကြိုး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်နှင့် ဇနီးဒေါ်နန်းဖြူဖြူအေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးစိုးဟန်လင်းနှင့်ဇနီးဒေါ်နန္ဒာအောင်၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၇) မိသားစုများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော နိုင်ငံရပ်ခြားနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မယုယုအောင်၊ မင်္ဂလာဖန်းကိုင်ဆောင်ပေးပါသော လေယာဉ်မှူးမနှင်းဦးဝေ(Air Bagan)၊ သတို့သားအရံ မောင်နိုင်မင်းဦးနှင့် မောင်ထက်အောင်လင်း၊ သတို့သမီးအရံ မခင်လေးမွန်နှင့် မအိမြဲမင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး ဒေါ်နှင်းရည်သန့်၊ မိတ်ကပ် ဒီဇင်ဘာနှင်း၊ ဝတ်စုံကိုမြင့်စိုး၊ မချိန်ကျင်းရီ၊ ပန်းအလှ နီနီပွင့်၊ ၇-၁၁-၂၀၀၉ရက် (စနေနေ့) Sedona Hotelအလုံခန်းမတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တိုင်းတရားသူကြီးဒေါ်သန်းသန်းအေး၊ Central Hotel နှင့် ရွှေရှမ်းကန်တို့၌ကျင်းပသော မင်္ဂလာညစာစားပွဲများသို့ ကြွရောက်ချီးမြှင့်ပေးခဲ့သော ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှစောင့်ရှောက်ကူညီပေးကြပါသော ပုဂ္ဂိုလ်အားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည်စိုးအောင်-မမေခလာမျိုးဝင်း။

(၃၆)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ညှော်ခံပွဲကျေးဇူးတင်လွှာ

ဖေဖေ ဦးမြင့်ဦး(စီမံထူးချွန်တတိယဆင့်)နှင့် မေမေ ဒေါ်သန်းသန်းနွဲ့(လူမှုထူးချွန်တတိယဆင့်)တို့၏ (၃၆)နှစ်ပြည့် မင်္ဂလာညှော်ခံပွဲအား "ကရဝိက်နန်းတော်"ဥတ္တရခန်းမ၌ သားသမီးများမှ ဂါရဝပြုကျင်းပပြုလုပ်ပေးခဲ့ရာတွင် မေတ္တာဖြင့် ခင်မင်ရင်းနှီးစွာ အားပေးချီးမြှင့်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ မင်္ဂလာမောင်နှံစုံတွဲများနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

သားများ၊ သမီးများနှင့် မြေးများ။

မြို့နယ်မီးဘေးတားဆီးကာကွယ်ရေး အလှူငွေပေးအပ်

ပုသိမ် ဇန်နဝါရီ ၁၉

ပုသိမ်မြို့ မီးသတ်ဦးစီးဌာနတွင် မီးဘေးကာကွယ်ရေးအတွက် ရေသယ်ယာဉ်များ အကြီးစားပြင်ဆင်မှုများပြုလုပ်ရန်အတွက် ဇန်နဝါရီ ၈ ရက်က လှူဒါန်းငွေ ပေးအပ်ပွဲကျင်းပရာ ပုသိမ်မြို့ ရွှေစေတီလမ်းနေ ဦးမြင့်အောင်-ဒေါ်သီသီစန်း(ဇမ္ဗူထွန်းစတိုး)မိသားစုက ကျပ်ငွေတစ်သိန်းလှူဒါန်းပြီး ပုသိမ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်က လက်ခံရယူသည်။ **(ယာပုံ)** အလှူငွေထည့်ဝင်လိုသူများသည် မြို့နယ်မီးဘေးတားဆီးကာကွယ်ရေးအဖွဲ့ မီးသတ်ယာဉ်ပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရင်(သီဟမှန်လုံ) ဖုန်း-၀၉-၅၂-၀၁၁၀၄၊ ၀၄၂-၂၅၇၇၆၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်(စံပရိဘောဂ) ဖုန်း-၀၉-၅၂-၀၁၁၈၆၊ ဦးအောင်ခ(နှင်းဝေလွင်၊ နောင်ရိုးစားသောက်ဆိုင်) ဖုန်း-၀၄၂-၂၅၄၆၉၊ ဦးဝင်းကို(စက်သုံးဆီရောင်းဝယ်ရေး) ဖုန်း-၀၉-၅၂-၀၀၂၇၅၊ ဖုန်း-၀၉-၅၂-၀၁၈၆၈၊ ရေဝတီတိုင်းမီးသတ်တပ်ဖွဲ့မှူး ရုံး ဖုန်း-၀၄၂-၂၅၂၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၇)

သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ဒုရက်ဗိုလ်အုပ်စု၊ ကသစ်ကန်ရွာနေ ကျွန်တော် ကျွန်မတို့၏ သမီး မစန်းရီ ၈/မထန(နိုင်)၀၂၉၄၈၄နှင့် သားသမက်ကိုမင်းဇော် ၈/မထန(နိုင်) ၀၅၀၆၁၈ တို့သည် မိဘများအပေါ် စိတ်ဆင်းရဲမှုအမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍အမွေစားအမွေခံသားသမီးများအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ **အဖ-ဦးကျော်ခင်**
၈/မထန(နိုင်)၀၃၂၅၁၂
အမိ-ဒေါ်တင်ထွေး(ခ)ဒေါ်တင်ရွှေ
၈/မထန(နိုင်)၀၆၄၅၅၄။

စလင်းမြို့နယ် တညောင်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စလင်း ဇန်နဝါရီ ၁၉

မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် တညောင်ကျေးရွာ တညောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စာကြည့်တိုက်ဥပစာတွင် ဇန်နဝါရီ ၁၄ ရက်က ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းဘူးခရိုင် ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်၊ စလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စလင်းမြို့နယ်မှူး ဒုတိယရဲမှူးသိန်းအောင်၊ တညောင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တညောင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ငွေစိုးတို့က တညောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးဝေလင်းက တညောင်စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက စာအုပ်စာစောင်မျိုးစုံ ၁၂၅ အုပ်၊အလှူငွေကျပ် ၆၀၀၀၀၊ ၂၁ လက်မရောင်စုံရုပ်မြင်သံကြား စက်တစ်လုံးနှင့် ရေဒီယိုတစ်လုံးတို့ကိုပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ထိုင်ခုံများ ကလေးဆေးရုံကြီးသို့လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၁၈၄ နေ ဆရာမဒေါ်ရွှေပု D.S.P နှင့် တူမ၊ မြေးတစ်စုတို့က ရန်ကုန် ကလေးဆေးရုံကြီးတိုးချဲ့ဆောင်တွင် အသုံးပြုရန်အတွက် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ လူနာရှင်ထိုင်ရန် ထိုင်ခုံများကို ဒီဇင်ဘာ ၂၈ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းကလက်ခံယူကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝေါမြို့၌ စာပေဟောပြောပွဲကျင်းပ

ဝေါ ဇန်နဝါရီ ၁၅

၁၃၇၁ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် ပထမအကြိမ် စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် ညဂ့နာရီက တနော်ကျွန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ မြက်ခင်းပြင်၌ ကျင်းပရာ ဝေါမြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်(ဝေါဝင်းမောင်) နှင့်အဖွဲ့ဝင်များ၊ တနော်ကျွန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျင်ဥနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သိမ်ဇရပ်၊တနော်ကျွန်း၊ ကျောက်ညှပ်၊ အုပ်ဖို၊ဆပ်သွားခြံ၊ ကျောက်ပုံ၊ အဖျားငှက်ချေးဝင်းကျေးရွာများမှ စာပေဝါသနာရှင်များတက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာမြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို အတွင်းရေးမှူး ဦးမြင့်စိုး(ဘုန်းသော်-ဝေါ)က ဖတ်ကြားပြီး စာရေးဆရာ မောင်ချစ် (သုရဲသမိန်)က စိတ်ကောင်းရှိဖို့ပထမ၊ဒါရိုက်တာ မောင်နေမျိုးက ဟိုအကြောင်း သည်အကြောင်း၊ မော်ဝန်း ကြည်မြတ်က မူရင်းကောင်းမှ မိတ္တူကောင်းမည်တို့ကို ဟောပြောကြသည်။

ကျင်းပခဲ့

အလားတူ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၁နာရီက ဝေါမြို့နယ် ညောင်ခါးရှည်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု ဟိုပုံး အလကကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ဟိုပုံး ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အလကကျောင်းလမ်း ကတ္တရာလမ်း (၆၈၇×၁၂)ပေအား (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၃၀ရက်က လမ်းသစ်ဖွင့်ပွဲကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်ချစ်နှင့် အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(အပေါ်ပုံ)** ကတ္တရာလမ်းသစ်ကို လှည့်လည်စစ်ဆေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကြက်ခြေနီ အခြေခံသင်တန်းဆင်း

ကနီ ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် ကျောင်းကြက်ခြေနီ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂နာရီက ကနီမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီအသင်းခွဲ ညှိနှိုင်းရေးမှူး ဦးတင့်ဝေ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် ကြက်ခြေနီဆေးအိတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသော ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရန်ပုံငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)က လက်ခံယူစဉ်။ (၁၇၆)

လမ်းပြကြယ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနား မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာ၌ကျင်းပ

မင်းပြား ဇန်နဝါရီ ၁၂

မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာအုပ်စု ပန်းမြောင်းကျေးရွာတွင် တက္ကသိုလ်ပညာသင်အသင်းက စုပေါင်းမတည်ငွေ ကျပ်သိန်း၂၀ဖြင့် ဆောက်လုပ်သည့် လမ်းပြကြယ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကို ပန်းမြောင်း အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းမြခိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်အောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ လှူဒါန်းပြီးနောက် စာရေးဆရာကျွန်းသားငမန်း၊ စစ်တွေညိုသန့်နှင့် ဒေသခံစာရေးဆရာများက စာပေရေးရာများ ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ထူးချွန်ဆု

ဇန်နဝါရီ ၃ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် သတ္တမတန်း(က)မှ မြို့နယ်ပညာရည်ချွန်ပထမဆုရ မရည်မွန်ခြူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုးက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)



ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အရှေ့ခြမ်း တောင်ပေါ်ရေလှောင်ကန်တွင် အကြမ်းရေစစ်ကန်ပြုလုပ်နေမှုကို ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဖွိုင်းတို့ ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျွန်းလှမြို့နယ်၌ကျင်းပ

ကျွန်းလှ ဇန်နဝါရီ ၁၈

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင် ဦးဆောင်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက်က ရှမ်းစုကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ ကွင်းအမှတ် ၄၉၅ ဦးပိုင်အမှတ်(၂၉) တောင်သူ ဒေါ်ခင်ရွှေ၏လယ်မြေတစ်ဧက၌ ကျင်းပရာ ရောမင်းစပါး တစ်ဧက ၉၂တင်းနှုန်း ထွက်ရှိသည်။

တက်ရောက်

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်စိန်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းစုအုပ်စုဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြေသားလမ်း ဖောက်လုပ်

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်မြေသားလမ်းလုပ်ငန်းဖြစ်သော နောင်ဖန်း-တာခိုင်-ထီးခမ်း မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သောလုပ်ငန်းများအနက် သံဖြူဇရပ်-ကော့လေးကတ္တရာလမ်း ပျက်စီးနေသောအပိုင်းများအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေတာရှည်မြို့နယ် အမှတ်(၆၁) သစ်စက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၆ရက်က ပြုလုပ်ရာ စက်ရုံမှူး ဦးမြတ်စိုး ကြီးမှူး၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စက်ရုံအလုပ်သမားများ ပူးတွဲသရုပ်ပြ ဆောင်ရွက်ကြစဉ်။ (သစ်လုပ်ငန်း)

သီပေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

သီပေါ ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉)ကို ဒီဇင်ဘာ ၁၁ရက် နံနက် ၁၀နာရီက စည်ပင်သာယာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ဖြိုးကျော်(ငြိမ်း)တို့က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏အစီရင်ခံစာကို တပ်ကြပ်ကြီးခင်ဇော်(ငြိမ်း)က ဖတ်ကြားရာ အဖွဲ့ဝင်နှစ်ဦးက အကြံပြုဆွေးနွေးကြသည်။

ဂုဏ်ပြု

ထို့နောက်အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လေးဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီကိုလည်းကောင်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားငါးဦးအတွက် ဂုဏ်ပြုဆုတစ်ဦးလျှင် ငွေကျပ် ၃၃၀၀၀ကိုလည်းကောင်း၊ အခြေခံပညာကျောင်းများတွင်ပညာသင်ကြားလျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီး ၇၉ဦးတို့အတွက် မူလတန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ဖြိုးကျော်က တစ်ဦးချင်း ပေးအပ်သည်။ **(အပေါ်ပုံ)** (၀၂၀)

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု သတ်မှတ်ကာလအတွင်း ပြီးစီးရေး

သဲကုန်းမြို့နယ် စံပြကျေးရွာ၌ ဆွေးနွေး

သဲကုန်း ဇန်နဝါရီ ၂

သဲကုန်းမြို့နယ် ညောင်ကုန်းအုပ်စု စံပြကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၄ရက်က ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းတို့ ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ ဆောက်လုပ်လျက်ရှိသောစာကြည့်တိုက်ကို သတ်မှတ်ကာလအတွင်း ဆောက်လုပ်ပြီးစီးရေး ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငှက်ဖျားရောဂါ အဖြစ်များသောကျေးရွာများ၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ ကျန်းမာရေးပညာပေး ဆောင်ရွက်

အင်းတော် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာမြတ်မင်းထွန်း ဦးဆောင်သောအဖွဲ့သည် အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ပြေ ဦးဆောင်သော မြို့နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်း၍ အင်းတော်မြို့နယ်အတွင်း ငှက်ဖျားရောဂါ အဖြစ်များသောကျေးရွာများတွင် ဒီဇင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပြီး ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (၀၃၀)



တက္ကသိုလ်ပညာသင်ထောက်ပံ့စရိတ်ပေးအပ်

ဟသ်ာတ ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကကြီးမှူး၍ ဟသ်ာတမြို့နယ် ပညာရေးဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ၏ တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အမှာစကားပြောကြားသည်။

လက်ခံ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ အတွင်းရေးမှူး ဦးခင်မောင်တင်နှင့် မြို့နယ်ပညာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဝင်များ ဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးဝင်းဇော်နှင့် ဦးမင်းဥာဏ်တို့က တက္ကသိုလ်ပညာသင်ထောက်ပံ့စရိတ်များကိုပေးအပ်ချီးမြှင့်ရာ ကျောင်းသားကျောင်းသူများက လက်ခံယူကြသည်။

ထောက်ပံ့

အဆိုပါ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးအား ငွေကျပ်သုံးသိန်း၊ ဆေးဘက်ဆိုင်ရာနည်းပညာ၊ ပညာရေးနည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်ကျောင်းသား ကျောင်းသူ ရှစ်ဦးအတွက် ငွေကျပ်၁၆သိန်း စုစုပေါင်းငွေကျပ် ၁၉သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် စုပေါင်းလေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီရေး ဆားလင်းကြီး၌ဆွေးနွေး

ဆားလင်းကြီး ဇန်နဝါရီ ၁၅

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ထန်းဇင်အုပ်စု ထန်းပုကျေးရွာ လူထုအလင်းစာကြည့်တိုက်သို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့် ညီညွတ်သည့်စာကြည့်တိုက်ဖြစ်ပေါ်ရေး ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီ အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးသည်။

ဆက်လက်၍ စာကြည့်တိုက်မှူး ဒေါ်ယဉ်ယဉ်ထွေးက စာကြည့်တိုက်အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်း

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ရေမြစ်ကြီးကျေးရွာနှင့် ကင်းစိုးကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးဝါးအတုများ ရောင်းချမှုရှိ မရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ (ကျန်းမာရေးမှူး-၂) ဦးအောင်ဘိုလင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လွတ်လပ်ရေးနေ့ ပညာပေးဟောပြောပွဲ ခန္တီး၌ကျင်းပ

ခန္တီး ဇန်နဝါရီ ၉

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ပညာပေးဟောပြောပွဲအခမ်းအနားကို ခန္တီးမြို့နယ် လင်းဖားကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ၂၀ ရက် နံနက်၁၀နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးမြင့်သိန်းစိုးက မျိုးဆက်သစ်သို့ လက်ဆင့်ကမ်းအမွေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဘဌေးက ဆောင်းသီးနှံစိုက်ပျိုးရေးအကြောင်း သိကောင်းစရာနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးပေါ်ရှင်က အဖိုးတန်မြန်မာ့လယ်ယာမြေအကြောင်းတို့ကို ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

စဥ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်လွင်နှင့် အဖွဲ့ဝန်ထမ်းများ၊မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များဒီဇင်ဘာ ၂၂ရက်က စဥ့်ကိုင်မြို့မဈေး အတွင်းမီး ငြိမ်း သတ် ရေး အတွက် သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

မိခင်နှင့်ကလေး ကျန်းမာမှုပြိုင် ဆုချီးမြှင့်ပွဲ ညောင်တုန်း၌ ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၁၅

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးကျန်းမာမှု ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ညောင်တုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်း၌ ဇန်နဝါရီ ၄ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ညောင်တုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာမြင့်က အဖွင့်အမှာစကား ပြောကြားပြီးမြို့နယ်ဆရာဝန်ကြီးဒေါက်တာ ဝင်းလွင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ဆုပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင် **(အပေါ်ပုံ)**၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာမြင့်၊ မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူး ကြည်စိုး၊ မြို့နယ်အတွင်းရေးမှူး ဦးကိုကိုမောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဝင်းလွင်၊ မြို့နယ်သမဝါယမအသင်း ဆေးခန်း ဆရာဝန် ဒေါက်တာ လွမ်းဝေနှင့် တာဝန်ရှိသူများက ဆုရကလေးငယ်များနှင့် အမြွှာမွေး ကလေးငယ်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

လွတ်လပ်ရေးနေ့တွင် မွေးဖွားသူများကိုလည်း လွတ်လပ်ရေးမောင်ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၅၂)

စာစီစာကုံးပြိုင်ပွဲ တန့်ယန်း၌ ကျင်းပ

တန့်ယန်း ဇန်နဝါရီ ၄

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းဆင့်နှင့် အလယ်တန်းဆင့် ပြိုင်ပွဲများကို နိုဝင်ဘာ ၂၇ရက် နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြကတ္တရာလမ်းလုပ်ငန်းဖြစ်သော ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကံမမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမုခ်ဦး၌ ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ပင်လောင်း၌ဖွင့်

ပင်လောင်း ဇန်နဝါရီ ၆

ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၉) ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ရက်က မြို့နယ်ရုံး ရုပ်/သံ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အုန်းရွှေက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်သည်။ (မြို့နယ် ပြန်/ဆက်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်တင်တင်စိုး တာဝန်ယူဆောင်ရွက်မည့် အရှည်ပေ ၅၃၀၊ အကျယ် ၁၂ပေရှိ ယန္တရားရေကန်သွားလမ်း ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒီတီအိပ်ချ်စလောင်းများ ပလက်ဝ၌ပေးအပ်

ပလက်ဝ ဇန်နဝါရီ ၈

ပလက်ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ ထုတ်ပေးထားသည့် ဒီတီအိပ်ချ်စလောင်းငါးခု ကျေးရွာငါးရွာသို့ ပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ရက်က ကျီမို ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာငါးရွာမှ ကျေးရွာ ဥက္ကဋ္ဌများနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇွာအုန်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဦးက စလောင်း ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် ထိန်းသိမ်းရေး၊ ပြည်သူအတွက် အသုံးပြုဆောင်ရွက်နိုင်ရေးကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး နောင်မွန်မြို့ အထကတွင် ဆွေးနွေး

နောင်မွန် ဇန်နဝါရီ ၁၂

ပူတာအိုခရိုင် နောင်မွန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ထလမ်ရာဇီခန်းမ၌ နိုဝင်ဘာ ၂၀ရက် နံနက် ၁၁နာရီက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ညစာကျက်ဝိုင်းဖွင့်လှစ်ရန် ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးသိန်းမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်တို့က ညစာကျက်ဝိုင်းအတွက် လုပ်ငန်းစီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ပျိုးထုပ်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗိုလ်ချုပ်ပန်းခြံအတွင်း ပျိုးဥယျာဉ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးထုပ်ထည့်ခြင်းနှင့် အပင်ပျိုးခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ



သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေပြည်သူများ အဆင့်မီ အိမ်ရာများ ဆောက်လုပ်နေထိုင်နိုင်ရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဘုရားကုန်းကျေးရွာအုပ်စု သဲဖြူချောင်းကျေးရွာ ဦးမောင်မောင်လွင်၏ နေအိမ်ဆောက်လုပ်ထားရှိမှုကို ဇန်နဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တောင်တွင်းကြီးလမ်း ပလက်ဖောင်းကပ်တုံးနှင့် နောက်ပိတ်ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီရိကိုတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆင်ပေါင်ဝဲချောင်းကောက်ကျေးရွာတွင် စံပြစာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၅

ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာ စံပြစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပန္နက်တင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၇နာရီက အဆိုပါကျေးရွာ စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းဆင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်တို့က ပန္နက်တင်ပေးကြသည်။

အဆိုပါစံပြစာကြည့်တိုက်ကို အလျား၂၄ပေ × အနံ ပေ ၂၀၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဆောက်လုပ်မည်ဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူများ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်သွားမည်ဖြစ်သည်။ (မြို့.နယ် ပြန်/ဆက်)

ကျန်းမာသန်ထွား ဉာဏ်မြင့်မား အိုင်အိုဒင်းဆား နေ့တိုင်းစား

လူတိုင်းကျန်းမာကြံ့ခိုင်၍ကလေးငယ်များ ဉာဏ်ရည်ထက်မြက်စေရန် မိသားစုတိုင်း အသက်အရွယ်မရွေး၊ နေရာဒေသမရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးဖို့လိုပါသည်။

ပင်လယ်ထွက် အစားအစာများတွင် အိုင်အိုဒင်းပါဝင်သော်လည်း ခန္ဓာကိုယ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လောက်အောင်မများပြားပါ။ အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးမှသာ အိုင်အိုဒင်းကို လုံလောက်အောင်ရရှိနိုင်ပါသည်။

အိုင်အိုဒင်းချို့တဲ့ပါက

ကိုယ်ဝန်ဆောင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ ဆွံ့အနားမကြားသောကလေး၊ ခြေလက်မသန်စွမ်းသောကလေး မွေးဖွားခြင်း၊ မွေးဖွားလာသောကလေး ဉာဏ်ရည်နိမ့်ခြင်းတို့ ဖြစ်တတ်သည်။

ကလေးများသည် ပညာသင်၍မရအောင် ဉာဏ်ရည်နိမ့်ခြင်း၊ အဆင့်မြင့်ပညာများ သင်ယူနိုင်လောက်အောင် ဉာဏ်ရည်မထက်မြက်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ပုညက်ခြင်းတို့ ဖြစ်တတ်သည်။

လူကြီးများသည် လည်ပင်းကြီးရောဂါဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ မိသားစုစီးပွားရေး၊ ပညာရေး၊ လူမှုရေးအဆင့် အတန်း နိမ့်ကျခြင်းတို့ ဖြစ်တတ်သည်။

အိုင်အိုဒင်းချို့တဲ့မှုမှကာကွယ်ရန်

နေရာဒေသမရွေး၊ အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြစိမ်းရောင်ချောင်းအား ပန်းလှိုင်မြစ်အထိ စက်ယန္တရားဖြင့် တူးဖော်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထန်းတပင်မြို့နယ်ရှိ လယ်မြေများ နွေစပါးတိုးချဲ့စိုက်ပျိုးရန် ပန်းတိုင်ရေထိန်းတံခါးမှတစ်ဆင့် ရေသွယ်ယူမည့်လမ်းကြောင်း

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့နံနက်ဖြနာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာအနီးရှိ ပန်းတိုင်ရေထိန်းတံခါးသို့ ရောက်ရှိပြီး ပန်းတိုင်ရေထိန်းတံခါး ရေဝင်ရောက်မှုအခြေအနေ၊ ကုက္ကိုဝမြစ်မှ ဆက်သွယ်ထားသည့် ရေသွင်းမြောင်းဟောင်းနှင့် တွံတေးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များရှိ လယ်မြေများသို့ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကုက္ကိုဝမြစ်မှ ပန်းတိုင်ရေထိန်းတံခါး ၄င်းမှ မင်္ဂလာရေထိန်းတံခါးတို့သို့ ရေသွယ်မြောင်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❍

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ငယ်စဉ်က ဝမ်းဗိုက်မကြာခဏ နာတတ်သည့်ကလေးများ အရွယ်ရောက်ချိန်တွင် ကျောက်ကပ်ဝေဒနာခံစားရနိုင်ဟုဆို

ဝမ်းဗိုက် နာလေ့ရှိသော ကလေးငယ်သည် အရွယ်ရောက်ချိန်တွင် ကျောက်ကပ်၌ ကျောက်တည်နိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စမ်းသပ်

အသက် သုံးနှစ်မှ ၁၈နှစ်အရွယ်ကလေးငယ် ၁၀၀ခန့်အား ၁၀နှစ်ကြာ သုတေသနပြုခဲ့ရာ ငယ်စဉ်က ဝမ်းဗိုက် မကြာခဏ နာလေ့ရှိသော ရင်သွေးငယ်များဖြစ်နေတတ်ကြောင်း စမ်းသပ်စစ်ဆေးတွေ့ရှိရသည်ဟု ၄င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

မခံစားရ

သို့သော်လည်း အချို့ကလေးငယ်များတွင် ဆီးသွားသည့်အခါ သွေးပါခြင်းနှင့် ဝမ်းဗိုက်နာခြင်း ဝေဒနာတို့ မခံစားရဘဲ ကျောက်ကပ်ဝေဒနာ ဖြစ်ပွားတတ်သည့် ကလေးငယ်များ တွေ့ရကြောင်းသိရသည်။

သတိပြုသင့်

ထို့ကြောင့် ရင်သွေးငယ်များ မကြာခဏ ဝမ်းဗိုက်နာလေ့ရှိပါက သတိပြုသင့်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။